ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-2-2007) (၅၂၃၃)

ရဲနွယ်ဘက်စုံစီမံကိန်းပြီးစီးပြီဖြစ်သကဲ့သို့ ခပေါင်းနှင့် ကွန်းချောင်းစီမံကိန်းများ၏ ဆည်လုပ်ငန်းများနှင့် ရေအားလျှပ်စစ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်တိုက်ပြီးစီးသွားမည်ဆိုပါက ဤဒေသအတွင်း လုပ်ငန်းများ အတော်ပင် ပြည့်စုံသွားမည်။

လျာထားချက် စောစီးစွာပြီးစီးသည်နှင့်အမျှ လုပ်ငန်းများ၏ အကျိုးကျေးဇူးကို ပြည်သူများ စောစီးစွာခံစားရပြီး ဤလုပ်ငန်းများရှိ ကျွမ်းကျင်မှုစွမ်းအားနှင့် စက်ယန္တရားအင်အားတို့ကို အခြားစီမံကိန်းများသို့ အားဖြည့်ပေးနိုင်မှာဖြစ်။

စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း ဆည်တာမံများနှင့်တွဲဖက်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းများ စုပွဲတည်ဆောက်နေ

ဆည်များ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီးစီးသည်နှင့် တစ်ပြေးညီ ဆည်ရေသောက်စနစ်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်းများပါ ပြီးစီးအောင်ဆောင်ရွက်



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရွှေကျင်ရေအားလျှပ်စစ်

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီတွင် ရွှေကျင်မြို့နယ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိစစ်ဆေးသည်။

ရေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ ပါဝင်သည့် အဓိကလုပ်ငန်းများ၊ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ စက်သုံးဆီရရှိမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၌ တည်ဆောက်မည့် တမံအမျိုးအစားသတ်မှတ်ခဲ့မှုများ၊ မူလတမံဒီဇိုင်းထက် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၄-၂-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထိန်းသိမ်း နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်တို့သည် အချင်းချင်း ရိုင်းပင်းကူညီမှု၊ တစ်ဦးပေါ်တစ်ဦး နားလည်စာနာမှု၊ မိုခိုအားထားယုံကြည်မှုတို့ဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသည်။ ဘေးဘိုးစဉ်ဆက် ဥမကွဲသိုက်မပျက် ချစ်ချစ်ခင်ခင် လက်တွဲနေထိုင်ခဲ့ကြသည့် ညီညွတ်မှုအစဉ်အလာကောင်းများ၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများသည် တိုင်းရင်းသားမျိုးနွယ်စုများအကြား အစဉ်ရှင်သန်နိုးကြားလျက်ရှိသည်။

ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော် ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန် တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် တိုင်းရင်းသားတိုင်း၏ နှလုံးအိမ်ထဲတွင် စွဲထင်ကိန်းအောင်းနေဆဲဖြစ်သည်။ အဆိုပါ စိတ်ဓာတ်နှင့် အစဉ်အလာများသည် မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ အလယ်တွင် မားမားမတ်မတ် ခံ့ခံ့ထည်ထည် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသော အမျိုးသားရေးအားမာန်များပင်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှု၊ နှလုံးစိတ်ဝမ်း တူညီမှု၊ ပေါင်းစည်းခိုင်မြဲမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့် အကျိုးရလဒ်ကောင်းများကို ပြည်သူတစ်ရပ်လုံး မျှဝေခံစားနိုင်ရေး အာမခံပေးနိုင်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်း လာတော့မည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်က ပြည်ထောင်စုကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး စီမံကိန်းများကို ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ တိုင်းရင်းသားပြည်သူများက စီးပွားရေး စီမံကိန်းများ အောင်မြင်ရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းသွား ကြရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးအားလုံးကို လွှမ်းခြုံလျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်တံ့ ခိုင်မြဲမှုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ထက်မြက်မှု စွမ်းအားတို့အပေါ်၌ လုံးဝဥဿုံ တည်မှီလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ထူးထူးကဲကဲ ခိုင်ခိုင်မြဲမြဲ ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထား ထိန်းသိမ်းရင်း နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန် ဖြင့် ကြိုးပမ်းစွမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းတက်ရောက်၍ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအားဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ရာသက်ပန် ပြည်ထောင်စု" သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားပြီး အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ အထက(၂) လမ်းမတော်မှ မဆုနှင်းလာဘ်၊ ဒုတိယဆုရ အလက(၂) ဒေါပုံမှ မဆောင်းနှင်းသူ၊ တတိယဆုရ အထက(၄) အလုံမှ မနေနွယ်ထွန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ အလက(၂)ဒေါပုံမှ မမို့မို့အောင်၊ ဒုတိယဆုရ အလက(၂)ဗဟန်းမှ မမေနီလာဝင်း၊ တတိယဆုရ အလက(မြို့မ)ကျောက်တန်းမှ မနွေးဇာခြည်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရ အထက(၁) လမ်းမတော်မှ မနွယ်နီနေဝင်း၊ ဒုတိယဆုရ အထက(၁) လမ်းမတော်မှ မောင်ဖြိုးမင်းခိုင်၊ တတိယဆုရ အလက(၃) အလုံမှ စောပရင့်စံသာဘွား၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရ အထက(၂) အင်းစိန်မှ မထက်ထက်လွင်သိန်း၊ ဒုတိယဆုရ အထက (၄) ကြည့်မြင်တိုင်မှ မသီရိသက်မွန်နှင့် တတိယဆုရ အလက(၃) အလုံမှ မယမင်းဦးတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ အထက(၆) အလုံမှ မောင်ခိုင်ဝင်းခန့်၊ ဒုတိယဆုရ အထက ကျောက်တံတားမှမောင်အောင်ကောင်းခန့်၊ တတိယဆုရ အထက ကျောက်တံတားမှ မဆုရတနာထွန်း၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ အထက(၂) လသာမှ မပွင့်မြတ်သူ၊ ဒုတိယဆုရ အထက(၂) လသာမှ မအေးမြတ်သူနှင့်တတိယဆုရ ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ မအိသွယ်ဇော်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အထက်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရ အလက(၃) အလုံမှ မောင်တိုးခိုင်ဦး၊ ဒုတိယဆုရ အထက(၁) မင်္ဂလာဒုံမှ မကျော့ကျော့နိုင်၊ တတိယဆုရ အထက(၁)သဃ်န်းကျွန်းမှ မောင်ကောင်းထက်ကျော်၊ အလယ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရ အလက(၅) တောင်ဥက္ကလာပမှ မစိုးသီတာအေးနှင့်ဒုတိယဆုရအလက(၂)ပန်းဘဲတန်းမှ မစန်းနုနုနိုင်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက "ကမ္ဘာတည်သရွေ့" သီချင်းဖြင့် သီဆို၊ ကပြဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ပြသထားသည့် ဆုရကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီလက်ရာများကို ကြည့်ရှုအားပေး ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သွေးဆေးကန်အရှင်နန္ဒာစရိယ အထူးတရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယသည် ပဲခူးတိုင်း ပြည်မြို့ ဝက်ထီးကန် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၇၈)၌ တပေါင်းလပြည့်ကျော် ၉ ရက်မှ ၁၅ ရက် (မတ် ၁၁ ရက်မှ ၁၇ ရက်အထိ)ကျင်းပမည့် (၂၅)ကြိမ်မြောက် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်အရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဆက်ကပ်လှူဒါန်း

မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် လေထောင့်ကန်လမ်းနေ ဦးသန်းမောင်-ဒေါ်ကျင်ယုံ မိသားစု(မော်တော်ယာဉ်လုပ်ငန်း၊ ထီရောင်းဝယ်ရေးနှင့် ဂါနိုအိတ်ဇယ်ပုလဲ ဒါရိုက်တာ)က ငွေကျပ် နှစ်သိန်း တစ်သောင်းကို ကျောင်းအကျိုးတော်ဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ဓသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ် ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (အမှတ် ၃၂-၃၄၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်) သို့ မိဘများနှင့် ဇနီး ဒေါ်ထားကြည်တို့အား ရည်စူး၍ ဇေယျာ သီရိလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ် မြို့နယ်နေ ဦးဘဝင်းချစ် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးမြင့်ဆွေ လက်ခံယူစဉ်။ (က-ပ)

အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ ရက်က မင်းရဲကျော်စွာလမ်းနှင့် ဗဟိုလမ်း၊ စောရန်ပိုင် တောင်ရပ်ကွက်ရှိ ၃၈ ကားလေးဂိတ်၌ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေး ပါဝင်ဆောင်ရွက်စဉ်။ (က-ပ)

ကျေးလက်ကို အခြေခံကြရမည်

ချစ်နိုင် (စိတ်ပညာ)

	ဖျာပုံခရိုင် မြို့နယ်များ	၂၀၀၆-၀၇ လျာထား	ဆောင်ရွက်ပြီး ကျေးရွာစာကြည့်တိုက်	လျာထားချက်ထက် ကျော်လွန်ဦးရေ
၁။	ဖျာပုံမြို့နယ်	၅၀	၆၁	၁၁
၂။	ကျိုက်လတ်	၁၄၀	၁၄၆	၆
၃။	ဒေးဒရဲ	၁၂၇	၁၃၀	၃
၄။	ဘိုကလေး	၁၄၅	၁၅၀	၅
၅။	အမာ	၅၀	၅၀	-
	စုစုပေါင်း	**၅၁၂**	**၅၃၇**	**၂၅**

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးမှာ ကျေးလက်နေပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ထက်သန်စွာပါဝင်ကြိုးပမ်းချက်ကြောင့် ဧရာဝတီတိုင်းအတွင်း ထိရောက်အောင်မြင်နေပါသည်။ ကျေးရွာပေါင်း ၁၁၀၀၀ကျော်ရှိသဖြင့် တစ်နိုင်ငံလုံးရှိကျေးရွာပေါင်း ၆၀၀၀၀နှင့် နှိုင်းစာလျှင်ခြောက်ပုံ တစ်ပုံရှိသည်။ ကျေးရွာဦးရေ အများအပြားဆုံး တိုင်းဒေသကြီးဖြစ်ပေသည်။ အရည်အသွေးစံချိန်မီစွာ အမှန်တကယ် အကောင်အထည်ဖော်ရန် အရေးကြီးလေသည်။ ထို့ကြောင့် ကျေးရွာအရောက် နမူနာကောက် ထိတွေ့လေ့လာပြီး အခြေအနေမှန်များကို သုံးသပ်ရန် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

ကနီရွာ

ဖျာပုံမြို့နယ် ကနီကျေးရွာသည် ပင်လယ်ကမ်းစပ်နှင့် ၁၀ မိုင်ခန့်သာ ဝေးတော့သည်။ ဖျာပုံရောက်လျှင် ကနီရွာသို့ ရောက်အောင်သွားသင့်တယ်ဟု ဆိုရိုးစကားရှိထားကြောင်း စာရေးဆရာမန်းတင်က ၁၇-၁၀-၁၉၇၀ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၌ **"ရွှံ့နွံ့ထဲမှကြာပန်းပွင့်ကလေးများ"** ခေါင်းစဉ်ဖြင့် ရေးသားခဲ့ဖူး၏။ ကနီရွာသည် မိဘမဲ့အပါအဝင် ဆင်းရဲသူကလေးပေါင်း ၁၀၀ ကျော်ကို ၁၉၅၈ ခုနှစ်ကပင် စတင်၍ မဟာဘုံစံကျောင်း ဆရာတော် အရှင်စန္ဒောဘာသ ဦးစီးထူထောင်စောင့်ရှောက်သည့် ပရဟိတကျောင်းကြောင့် ထင်ရှားသည်။ မန္တလေးမြို့ မိုးကောင်းတိုက်တွင် သီတင်းသုံးခဲ့သော ဆရာတော်အရှင်စန္ဒောဘာသသည် ပရဟိတ လုပ်ငန်းများကို စနစ်တကျဖြင့် ခိုင်မာစွာဆောင်ရွက်တော်မူခဲ့လေသည်။ ဤပရဟိတဂေဟာ၏ ထူးခြားမှုကို သတင်းစာဆရာ ဦးသိန်းဖေမြင့်ကလည်း ရေးသားမှတ်တမ်းတင်ခဲ့ဖူးပေသည်။ မမေ့နိုင်သော အတွေ့အကြုံတစ်ခုဟု ဆိုခဲ့၏။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ကျော်က စတင်ပျိုးထောင်ခဲ့သော ကနီရွာလူငယ် ပရဟိတဂေဟာမှ အချို့သောပုဂ္ဂိုလ်တို့သည် ရန်ကုန်၊ ဖျာပုံစသည့် မြို့ကြီးများတွင်သာမက နိုင်ငံခြားထိအောင် ရောက်ရှိကြီးပွားနေကြသူတွေ ရှိခဲ့လေပြီ။ ထိုစေတနာရှင်၊ အလှူရှင်၊ အောင်မြင်ထွန်းပေါက်ကြသူများ၏ လှူဒါန်းထည့်ဝင်ငွေတို့ကြောင့် လက်ရှိဆရာတော် အရှင်ပဏ္ဍိတ၏လက်ထက်တွင် **"သမစိတ္တစာကြည့်တိုက် အဆောက်အအုံ"** ကျပ်သိန်း ၁၀၀ကျော်တန် ပေါ်ပေါက်လာလေသည်။ အရှင်စန္ဒောဘာသ (၁၉၁၉-၁၉၉၇)ရှိစဉ်ကပင် ကနီရွာ၌ ၁၉၂၀-၃၀ကာလဆီက သမစိတ္တ စာကြည့်တိုက်ဟူ၍ ထူထောင်တည်ရှိခဲ့ဖူးသည်ဆို၏။ ထို့ကြောင့် ယခု စာကြည့်တိုက်ကိုလည်း လွန်ခဲ့သောနှစ်ပေါင်း ၈၀ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ အမျိုးသားရေး နိုးကြားစဉ် အရှိန်အဟုန်ကောင်းချိန်က ထူထောင်ခဲ့သောအမည်ကိုသာ ဆက်လက်ခံယူခြင်းအဖြစ် **"သမစိတ္တစာကြည့်တိုက်"**ဟု မှည့်ခေါ်ကြလေသည်။ အစဉ်အလာကောင်းကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းလည်းဖြစ်သည်။

သမစိတ္တ

သမစိတ္တစာကြည့်တိုက် အသင်းဝင် ၂၅၈ဦးရှိသည်။ စာအုပ်စာစောင် ၁၆၄၆ အုပ်ရှိသည်။ ဆရာတော် အရှင်ပဏ္ဍိတက မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းဖြင့် စတင်ထူထောင်ခဲ့ရာ ဖျာပုံမြို့မှ ဦးတင်အေး-ဒေါ်စန်းစန်းဝင်းက ကျပ်၂၅သိန်း၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းဝင်းက ကျပ်ရှစ်သိန်း၊ ဦးကျော်ခိုင်-ဒေါ်ဝင်းဝင်းမြတ်က ကျပ်ခြောက်သိန်း စသည်ဖြင့် အလှူရှင်စေတနာရှင်များက စုပေါင်းထည့်ဝင်ခဲ့ကြခြင်းဖြင့် ဤသို့ အဆောက်အအုံ၊ ပရိဘောဂ စာအုပ်စာပေများ ပြည့်စုံလာရပေသည်။ ယုံကြည်ချက်နှင့်စေတနာကြောင့် ကာလအနည်းငယ်အတွင်း ထမြောက်အောင်မြင်ခဲ့သည်။ ကနီရွာတွင် ပညာလိုလားသူ၊ သီလဖြူစင်သူများ များပြားသည်။

စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဘုန်းမြင့်၊ နယ်မြေခံ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးမျိုးခိုင်၊ အလှူရှင်ဦးတင်အေး၊ ဦးအောင်မြင့်၊ ဦးကျော်ခိုင်အစရှိသော အလှူရှင်များ စုံညီစည်ကားစွာ တက်ရောက်ခဲ့ကြသည်။ ဘုံစံကျောင်း ဆရာတော် ဦးပဏ္ဍိတကို သွားရောက် ဖူးမြော်ကြည်ညိုကြသည်။ နေ့လယ်စာ စားသည်။

အောက်ကမ်းပါးရွာ

ထို့နောက် သမိန်ထောရွာသို့ ပြန်လာခဲ့ကာ ဆက်လက်၍ အောက်ကမ်းပါးရွာသို့ ကားနှစ်စီးဖြင့်သွားကြသည်။ လယ်ကွင်းများအလယ်ရှိ အိမ်ခြေ ၂၀၀ကျော် ရှိသော အောက်ကမ်းပါးရွာသည် ပင်လယ်နှင့် ငါးမိုင်ပင်မဝေးတော့။ ရွာလယ်၌ ကျပ် ၁၆ သိန်းကျော်တန် စာကြည့်တိုက်အဆောက်အအုံကို နှစ်လအတွင်း အပြီးဆောက်လုပ်ခဲ့ကြသည်။ ဦးတင်ဝင်းလှိုင်က ကျပ်တစ်သိန်းခွဲ၊ ဦးစိန်လှ၊ ဦးကျော်ရင်၊ ဦးဉာဏ်အောင်၊ ဦးအေးကြူတို့က ကျပ်တစ်သိန်းစီ စသည်ဖြင့် စုပေါင်းထည့်ဝင်လှူဒါန်းကြခြင်းဖြစ်ပါသည်။ **"ရောင်ခြည်ဦးစာကြည့်တိုက်"**ဟု အမည်ပေးကြသည်။

အသင်းဝင် ၁၈၄ ဦး၊ စာအုပ်စာစောင် ၅၃၄ အုပ်ရှိသည်။ ရွာလယ်ရှိ ယာယီမဏ္ဍပ်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ **ကနီရွာ၊ အောက်ကမ်းပါးရွာတို့တွင် မိမိတို့က စာကြည့်တိုက် ရေရှည်တည်တံ့ရေးကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ကျေးရွာလူထုက ဝမ်းသာအားရ လက်ခံကြသည်။ ပြည်သူအများ အသိပညာ၊ အတတ်ပညာမြင့်မားရေးကို နောင်အနာဂတ်ကာလတွင် ကျယ်ပြန့်ထိရောက်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးစားကြရမည်ဟု သဘောပေါက် နားလည်ထားကြသည်။ စိတ်အားထက်သန်နေကြသည်။ ကနီရွာနှင့် ဤအောက်ကမ်းပါးရွာတို့သည် မြို့နှင့်မနီးကြသော်လည်း ဗဟုသုတရှိပြီး စည်းလုံးညီညွတ်ကြသည်။ တက်ကြွကြသည်။ စာပေဖတ်ရှုသော အလေ့အထများ ယခင်ကထက် တိုးတက်များပြားလာနေသည်။**

အောက်ကမ်းပါးရွာမှ ဖျာပုံသို့ ပြန်လာကြပြီး ကားဆီဖြည့်သည်။ ထိုမှ အနောက်ဘက် ဘိုကလေးသို့ သွားသည့်လမ်းအတိုင်း လယ်ကွင်းများကိုဖြတ်၍ ကားနှစ်စီးဖြင့် သွားကြပြန်ပါသည်။ ဂုံညင်းတန်းမြစ်ဒီဘက်ကမ်း၌ စက်လှေအသင့်စောင့်ကြိုနေလေသည်။ နေဝင်လုပြီ။ ဒီဇင်ဘာ ၃၁ရက် ၏ ညနေ။



ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ကော့မှူး-တွံတေး-ရန်ကုန်ခရီး။

မြင်းကကုန်း

ဂုံညင်းတန်းမြစ်ကို စက်လှေဖြင့်ဖြတ်သန်းကာ မြောက်ဘက်ကမ်းသို့ မှောင်လုလုဆည်းဆာချိန်တွင် ကျွန်တော်တို့ရောက်ရှိသွားသည်။ ရေကျချိန်၊ ခြေတံရှည်အိမ်တန်းများဖြင့် အိမ်ခြေ ၂၀၀၀ကျော်ရှိသော မြင်းကကုန်းကျေးရွာသည် ဘိုကလေးမြို့နယ်ထဲတွင် ပါဝင်သည်။ စည်ကားသော ရွာကြီးဖြစ်ပါသည်။ ဒေသထွက်ကုန်၊ ဆန်စပါး၊ သီးနှံမျိုးစုံများဖြင့် စီးပွားရေးကောင်းသည်။ မြို့ကဲ့သို့စည်ကားသည်။ မြို့လူထုက တီးဝိုင်းအဖွဲ့နှင့် အသံချဲ့စက်ဖွင့်ကာ မြိုင်ဆိုင်လိုက်လှဲစွာကြိုဆိုကြသည်။ ဘိုကလေးမြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြီး၊ စာရေးဆရာမ မြကြာဖြူတို့က ဝမ်းပန်းတသာဖြင့် ဒီဘက်ကမ်းအထိ လာရောက်ကြိုဆိုခဲ့ကြ၏။ စာပေရဲဘော်ရဲဘက်ချင်းတွေ့ကြရသဖြင့် စကားလက်ဆုံပြော၍မကုန်။ ဆွေမျိုးတွေ့သလိုပဲဆိုရမည်။

ရွက်နုဝေ

မြင်းကကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သည် မူလကရပ်ကွက်ကောင်စီရုံး၌တွဲလျက် **"ရွက်နုဝေစာကြည့်တိုက်"**ဟူ၍ ဖွင့်လှစ်ထားရှိပြီးဖြစ်၏။ အလှူရှင်ဦးကံလှ-ဒေါ်ပို မိသားစုက ကျပ်သိန်း ၁၀၀ကျော် တစ်ဦးတည်းတည်ဆောက်လှူဒါန်းသဖြင့် ခံ့ညားထည်ဝါသော ပညာအလင်းစာကြည့်တိုက်အဆောက်အအုံ ဖြစ်ပေါ်လာသည်။ အသင်းဝင် ၁၄၉ဦး၊ စာအုပ်စာစောင် ၂၀၀၀ကျော်ရှိလေသည်။ အဖွဲ့ဝင် ၁၃ဦးဖြင့် စာကြည့်တိုက်ကော်မတီလည်းရှိပေသည်။ ပရိဘောဂများလည်းပြည့်စုံပြီး တိုင်းမှူးက စံပြစာကြည့်တိုက်အဖြစ် ရုပ်မြင်သံကြားစက်လည်း ဆုပေးထားပြီးဖြစ်လေသည်။ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ထံမှ တီဗွီဆုရသဖြင့် ကျေးရွာလူထုသည် စာကြည့်တိုက်ကို ပိုမိုတိုးတက် စေရန် စိတ်အားထက်သန်နေကြသည်။

နှစ်ဟောင်း

ကျေးရွာဟုဆိုသော်လည်း တိုက်ကြီးတာကြီးတွေများလှသည်။ ချမ်းသာကြသည်။ ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာမှာ ညအိပ်သည်။ ကောင်းကင်မှာ ပြာသိုလဆန်း ၁၃ရက် လသည် တိမ်ကင်းစင်စွာ ထိန်ထိန်သာနေသည်။ ရွာဘုရားကျောင်းရှေ့ရှိ ကွင်းပြင်တွင် စင်ထိုး၍ စာကြည့်တိုက်အောင်ပွဲသဘင် ဆင်ယင်ကျင်းပကြသည်။ မိမိက **"လူဖြစ်ရတဲ့ရည်ရွယ်ချက်"** ကို မိနစ် ၄၀ ဟောပြောပါသည်။ မူလတန်း၊ အလယ်တန်းကျောင်းသူလေးများ ယိမ်းအဖွဲ့တွေက ပျို့မောင်ဘုန်း၊ ဟောတော့ အစရှိသော တေးသရုပ်ဖော်အကတွေနှင့် မြိုင်ဆိုင်စွာ ကပြကြလေသည်။ ၂၀၀၆ ခုနှစ်၏ ဒီဇင်ဘာ ၃၁ ရက်ညသည် မိမိအဖို့ မြင်းကကုန်းရွာ၌ နှုတ်ဆက်ကုန်လွန်သွားလေပြီ။ ပျော်ရွှင်ကြည်နူးစရာကောင်းပေသည်။ နှစ်ဟောင်းသည်သတိရစရာ။

နှစ်သစ်

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁ရက် နံနက်ခင်းသည် မင်္ဂလာရှိစွာ ထွက်ပေါ်လာသည်။ မြင်းကကုန်းရွာ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ၊ ဆိပ်ခံဇောတံတားသစ်ဖွင့်ပွဲ (အလှူရှင် ဦးကြိုင်မိသားစု) စသည်ဖြင့် နိုးကြား၊ ရိုးသား၍ ကြိုးစားသောဒေသခံ ကျေးရွာလူထု၏ ကိုယ့်အားကိုယ်ကိုး တိုးတက်အောင်မြင်မှုများကို အားပေးကြည့်ရှုကာ ပီတိတဝေဝေဖြင့် နှစ်သစ်ကို ကျွန်တော်အားတက်စွာ ကြိုဆိုလိုက်ပါသည်။

ဘိုကလေးမြို့နယ်၊ ဖျာပုံမြို့နယ်တို့မှ ပြန်လာခဲ့သော အပြန်ခရီးလမ်းတွင်ကား **လွတ်လပ်ရေးကို ဒို့ချစ်သည်၊ ဒို့ချစ်သည်။ လွတ်လပ်ရေးကို ဒို့မြတ်နိုးသည်၊ ဒို့မြတ်နိုးသည်** ဟူသော အဆိုတော် မေလှမြိုင်၏ တေးသံချိုချိုလွင်လွင်ကို ကြည်လင်စွာ ကြားယောင်လျက်ရှိပါတော့သည်။ ဖုန်တလုံးလုံးထကာ ရိုးပြတ်လယ်ကွင်းများဆီသို့ ဖုန်များ၊ သဲများ ဝေ့ဝဲလွင့်ပျံတက်သွားစဉ်၌ ကားလေးတစ်စီးသည် ဖျာပုံ၊ ဒေးဒရဲ၊ တွံတေး၊ ပန်းလှိုင် စသည့် သစ်လွင်လှပသော မြစ်ကူးတံတားကြီးများကို ဖြတ်ကျော်ရင်း ရန်ကုန်မြို့ဆီသို့ ဦးတည်ပြေးလွှားနေလေသည်။ နှစ်သစ်သည်ကား အားတက်စရာများဖြင့် ပြည့်လျှမ်းနေပေသည်။ ။

ပညာပေးဟောပြော

မြောက်ဥက္ကလာပမြို့နယ် ရတနာသီဂီဈေး မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မီးသတ်အကြံပေးပုဂ္ဂိုလ် ရဲသူရသန်းလှိုင် ပညာပေးဟောပြောစဉ်။ (က-ပ)

အမှာစကားပြောကြား

နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ထွန်း အဖွင့်အမှာ စကားပြောကြားစဉ်။ (က-ပ)

အီရတ်တွင် ရဟတ်ယာဉ်ပျက်ကျခဲ့မှု အမေရိကန်စစ်ဘက်က စစ်ဆေးလျက်ရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၁

ချင်းနွတ်အမျိုးအစားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် တစ်စင်းပျက်ကျမှု သို့မဟုတ် ဘဂ္ဂဒက်မြို့အနီး၌ ဗုဒ္ဓဟူးနေ့တွင် အရေးပေါ် ဆင်းသက်ခဲ့ရမှုနှင့်စပ်လျဉ်း၍ အမေရိကန်စစ်ဘက်က စစ်ဆေးနေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ပါရှိသည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဒေသ သို့ ရောက်ခဲ့သည့် အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးကမြေပြင်ပေါ်တွင်ရဟတ်ယာဉ် အပျက်အစီးတွေ့ခဲ့သည်ဟု ရိုက်တာသတင်းဌာနသို့ပြောကြားသည်။ မျက်မြင်ကိုယ်တွေ့သူ တစ်ဦးကလည်း ရဟတ်ယာဉ် ပျက်ကျပြီး အပျက်အစီး တွေ့ခဲ့ရသည်ဟု ပြောကြားသည်။

ယင်းသတင်းကို ကြားသိရကြောင်း၊ သို့ရာတွင် ယခုအချိန်တွင် မည်သည့် သတင်းကိုမျှ အတည်ပြုနိုင်ခြင်း မရှိ သေးကြောင်း၊ ဘဂ္ဂဒက်ရှိ အမေရိကန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

– ပြန်လည်စိစစ် –

ရက်သတ္တပတ် နှစ်ပတ်အတွင်း ရဟတ်ယာဉ်လေးစင်း ပစ်ချခံရပြီးနောက် အီရတ်တွင်အသုံးပြုနေသည့်အမေရိကန် စစ်ဘက်၏ နည်းပရိယာယ်များကို ပြန်လည်စိစစ်နေသည်ဟု အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘိန်းဖြူသယ်ဆောင်လာသူ နှစ်ဦးကို ဗီယက်နမ်နယ်ခြားစောင့်တပ်ဖွဲ့ ဖမ်းဆီး

ဟန္နိုင်း ဖေဖော်ဝါရီ ၁၁

ဗီယက်နမ်နိုင်ငံမှ နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံမြောက်ပိုင်း ဆွန်လာပြည်နယ်တွင် အလေးချိန် ခြောက်ကီလိုခန့်ရှိ ဘိန်းဖြူသယ်ဆောင်မှုဖြင့် လူနှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဗီယက်နမ်သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

၎င်းတို့သည် အသက် ၃၇ နှစ်ရှိ ဆွန်အေဆီယာနှင့် အသက် ၄၃နှစ်ရှိ လိုဗန်အန်တို့ဖြစ်ပြီး ကြာသပတေးနေ့က ဖမ်းဆီးခံရခြင်းဖြစ်သည်။ ဘိန်းဖြူများကို လာအိုနိုင်ငံမှ သယ်ဆောင်လာခြင်းဖြစ်သည်ဟု ၎င်းတို့က ထွက်ဆိုကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း မဇာအီရှာရက်ဖ်အရပ်၌ တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် မီးလောင်တိမ်းမှောက်နေသောကားများကို ဖေဖော်ဝါရီ ၁၀ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မော်ရိုကိုနှင့် စပိန် ရထားလုပ်ငန်း ပူးပေါင်းဆောင်ရွက်

ရာဘတ် ဖေဖော်ဝါရီ ၁၁

မော်ရိုကိုနှင့် စပိန်နိုင်ငံတို့သည် မီးရထားအခြေခံအဆောက်အအုံများအား ပြုပြင်ထိန်းသိမ်းရေး၊ တည်ဆောက်ရေး၊ သုတေသနနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို တနင်္လာနေ့က လက်မှတ်ရေး ထိုးကြသည်။

စပိန်မီးရထားအခြေခံ အဆောက်အအုံလုပ်ငန်းများ အုပ်ချုပ်ရေးဌာန (အေဒီအိုင်အက်ဖ်)နှင့် မော်ရိုကိုအမျိုးသား မီးရထားရုံး(အိုအင်စီအက်ဖ်)တို့သည် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါ သဘောတူညီချက်၏ အဓိကရည်ရွယ်ချက်မှာ ရထားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ရာတွင် အပြန်အလှန်အကူအညီပေးရန် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံ လန်ကာဝီကျွန်းပတ် စက်ဘီးစီးပြိုင်ပွဲဝင်များ ကွာလာလမ်ပူမြို့ရှိ ပက်ထရိုနာ့စ် မျှော်စင်ညီနောင်အနီး ဖြတ်သန်းသွားသည်ကို ဖေဖော်ဝါရီ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကက်ရှ်မီးယားတွင် ဩစတြေးလျနိုင်ငံသား နှင်းလျှောစီးစဉ်သေဆုံး

ဆရီနာဂါ(အိန္ဒိယ) ဖေဖော်ဝါရီ ၁၁

ဩစတြေးလျနိုင်ငံသားတစ်ဦးသည် အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသရှိ နာမည်ကျော် တောင်ပေါ် အပန်းဖြေစခန်းတစ်ခုတွင် နှင်းလျှောစီးနေစဉ် နှင်းထုပြိုကျသဖြင့် ဗုဒ္ဓဟူးနေ့က သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူမှာ အသက် ၃၁ နှစ်ရှိပြီး ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် နေသူဖြစ်သည်ဟု ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။ ၎င်းသည် ကက်ရှ်မီးယားဒေသမှ အမြင့်ပေ ၁၃၄၀၀ (မီတာ ၄၀၀၀)ရှိ တောင်ပေါ်တွင် နှင်းလျှောစီးစဉ် သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

၎င်းသည် နှင်းထုပြိုကျမှုကြောင့် နှစ်ကီလိုမီတာ(တစ်မိုင်)အထိ လွင့်ပါသွားခဲ့ပြီး နှင်းထုအောက်တွင် မိနစ် ၄၅ မိနစ်ခန့် မြုပ်သွားခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကက်ရှ်မီးယားရှိ ဂူမတ်နှင်းလျှောစီး အပန်းဖြေစခန်းသည် ကက်ရှ်မီးယားမြို့တော် ဆရီနာဂါမှ ကီလိုမီတာ ၅၀ (မိုင် ၃၀)အကွာတွင် တည်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရန်ရှိ မြေအောက်နျူကလီးယားစက်ရုံတွင် ထောက်လှမ်းရေးကင်မရာများ တပ်ဆင်

တီဟီရန် ဖေဖော်ဝါရီ ၁၁

အီရန်နိုင်ငံရှိ မြေအောက်နျူကလီးယား စက်ရုံတစ်ရုံ၌ ထောက်လှမ်းရေး ကင်မရာများကို နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က တပ်ဆင်ထားလိုက်ပြီဖြစ်ကြောင်း အီရန်တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

စီစဉ်

အီရန်နိုင်ငံနာတက်ဇ်မြို့ရှိ မြေအောက်နျူကလီးယားစက်ရုံတွင် ထောက်လှမ်းရေး ကင်မရာများ တပ်ဆင်ပြီးစီးမှုကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ အခြေစိုက် အိုင်အေအီးအေနှင့် နီးစပ်မှုရှိသော သံတမန်တစ်ဦးက အတည်ပြုပြောကြားသည်။ အဆိုပါ နျူကလီးယားစက်ရုံတွင် ယူရေနီယံသန့်စင်မှု ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

အိုင်အေအီးအေက ထောက်လှမ်းရေးကင်မရာများ တပ်ဆင်ခြင်းမပြုနိုင်ရန် အီရန်အစိုးရ ကတားဆီးပိတ်ပင်ခဲ့သည် ဆိုသော ယခုလ အစောပိုင်းက ပေါ်ထွက်ခဲ့သည့် သတင်းများကို အီရန်နိုင်ငံက ငြင်းဆိုခဲ့သည်။

ပြောကြား

ထောက်လှမ်းရေးကင်မရာများကို တပ်ဆင်ခွင့်ပေးခြင်းမှာ အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်သည့် ပွင့်လင်းမှုရှိပုံကို ဖော်ညွှန်းနေကြောင်း အီရန်အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စင်ကာပူနိုင်ငံ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်မှ မျောက်ငယ်တစ်ကောင် လမ်းပေါ်တွင် အစာတောင်းနေသည်ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မိုဆူးလ်၌ ဗုံးပေါက်ကွဲ ရှစ်ဦးဒဏ်ရာရရှိ

မိုဆူးလ်(အီရတ်) ဖေဖော်ဝါရီ ၁၁

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ သောကြာနေ့တွင် ကားဗုံးပေါက်သဖြင့် လူရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူးလ်မြို့၏ အပြင်ဘက် ဂါဇလာနီ ရပ်ကွက်ရှိ လမ်းတစ်လမ်းပေါ်တွင် ဖြတ်သန်းသွားသည့် ရဲလှည့်ကင်းအဖွဲ့အနီးတွင် ကားဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း နီနီဗီပြည်နယ် သတင်းဆက်သွယ်ရေးရုံးအကြီးအကဲဗိုလ်မှူးချုပ် အဗ္ဗဒူလ်ကာရင်း အယ်လ်ဂျူဘူရီက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ကားပေါ်တွင် ပါလာသူ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သား ငါးဦးဒဏ်ရာရရှိသွားပြီး ရဲကားတစ်စီးလည်း ပျက်စီးသွားကြောင်း ဂျူဘူရီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှား၌ သွေးလွန်တုပ်ကွေးဖြစ်ပွား ၂၅၂ ဦး သေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်ဆန်းပိုင်းမှစ၍ သွေးလွန်တုပ်ကွေးရောဂါဖြင့်သေဆုံးသူ ၂၅၂ဦးမျှအထိ ရှိခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေမှာ ၁၅၀၀၅ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လီလီအက်စ်ဆူလီစတီအိုဝတီက သတင်းစာရှင်းလင်းပွဲ၌ သောကြာနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ ယခုလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၈၀၇ဦးအနက် ၂၇ဦးသေဆုံးခဲ့ကြောင်း ဆူလီစတီအိုဝတီ၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာသတင်းဌာနက ဖော်ပြသည်။ သွေးလွန်တုပ်ကွေးရောဂါအများဆုံးဖြစ်ပွားသည့်ဒေသမှာ အနောက်ဂျဗားဖြစ်ကြောင်း၊ ဒုတိယ၊ တတိယနှင့် စတုတ္ထအများဆုံးဖြစ်ပွားသည့်ဒေသတို့မှာ ဂျကာတာ၊ အရှေ့ဂျဗားနှင့် အလယ်ဂျဗားတို့ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါမှာ နိုင်ငံတစ်ဝန်း၌ ဆိုးဆိုးရွားရွားခြိမ်းခြောက်လျက်ရှိကြောင်း၊ အထူးသဖြင့် မြို့တော်ဂျကာတာ၌ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီးနောက် ပိုမိုသိသာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

* ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားများသည် ရှေးပဝေသဏီကပင် နေရာတိုင်း ဒေသတိုင်း၌ အေးချမ်းစွာ အတူတကွနေထိုင်လာခဲ့ကြ။
* သူ့ကျွန်ဘဝတွင် သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရသဖြင့် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆန့်ကျင်မှု အများအပြား ပေါ်ပေါက်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့။
* မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကိုကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကောင်းမွန်ချိန်၌ နိုင်ငံတော်အင်အား တောင့်တင်းခဲ့ပြီး စည်းလုံးညီညွတ်မှုပြိုကွဲချိန်၌ နိုင်ငံတော်အင်အားချည့်နဲ့မှုကြောင့် တိုင်းရင်းသားများညှိုးငယ်ခဲ့ရ။
* တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူချိန်မှစ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့။
* တပ်မတော်၏ မှန်ကန်သည့်စေတနာနှင့် ဖြူစင်သည့်သဘောထားကို သိမြင်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ငြိမ်းချမ်းရေးရယူခဲ့။
* တပ်မတော်သားများသည် ငြိမ်းချမ်းမှုမရှိသည့်အတွက် အဘက်ဘက်မှချို့တဲ့နေကြသည့် တိုင်းရင်းသားပြည်သူများ၏ ဘဝကို ကိုယ်တွေ့မျက်မြင်သိရှိပြီး ကိုယ်ချင်းစာတရားကြီးမားခဲ့။
* နိုင်ငံတော်၏တာဝန်ကို တပ်မတော်ကယူရစဉ်အခိုက်၌ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများအား အစွမ်းကုန်မြှင့်တင်ပေးလိုသော်လည်း ငြိမ်းချမ်းရေးရယူလာကြသည့် အဖွဲ့အစည်းများ၏ ဒေသများမှာသာ ဆောင်ရွက်နိုင်ခဲ့။
* တပ်မတော်နှင့် လက်တွဲဆောင်ရွက်ခဲ့ကြသည့် အထူးဒေသအသီးသီးသည် နေ့ချင်းညချင်း အရှိန်အဟုန်ဖြင့် ဘက်စုံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာ။
* ငြိမ်းချမ်းရေးအဖွဲ့အသီးသီးမှ ခေါင်းဆောင်များလည်း အမျိုးသားညီလာခံသို့ တက်ရောက်ပြီး ပြည်ထောင်စုကြီး၏ အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်ဆွေးနွေးလျက်ရှိနေ။
* ထို့ကြောင့် တပ်မတော်က ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းအားလုံးကို ဆက်လက်၍ လက်ကမ်းကြိုဆိုခဲ့။
* ယခုကဲ့သို့ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ထွေးမောင်ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ပြည်တွင်းပြည်ပ ပယောဂနှင့် အနှောင့်အယှက်အဖျက်အဆီးအမျိုးမျိုးကြားမှ ငြိမ်းချမ်းရေးကို မြတ်နိုးတောင့်တနေသည့် ကရင်တိုင်းရင်းသားများ၏ ဆန္ဒနှင့်အညီ ငြိမ်းချမ်းရေးရယူခဲ့ခြင်းကို တပ်မတော်အစိုးရနှင့် ပြည်သူတို့က လှိုက်လှဲဝမ်းမြောက်စွာကြိုဆို၊ ဂုဏ်ယူထိုက်သည့် လုပ်ငန်းတစ်ရပ်ကို ဖော်ဆောင်နိုင်သည့်အတွက် လေးစား။
* ယခုအခါ ဗိုလ်ချုပ်ထွေးမောင်ဦးစီးသည့် KNLA သည် နိုင်ငံတော်၏ အင်အားတစ်ရပ်၊ ဒေသခံပြည်သူလူထု အားကိုးလောက်သည့် အင်အားတပ်ရပ် ဖြစ်လာခဲ့ပြီ။
* ဒေသဖွံ့ဖြိုးရေးအတွက်ရော တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက်ပါ တပ်မတော်အစိုးရနှင့် ပြည်သူတို့က အင်တိုက် အားတိုက် ကူညီဆောင်ရွက်ပေးသွားမည်။
* ငြိမ်းချမ်းရေးရယူရန် ကျန်ရှိနေသေးသည့် တပ်ဖွဲ့ဝင်များကိုလည်း အစဉ်လက်ကမ်း ကြိုဆိုဖိတ်ခေါ်လျက်ရှိ။

လူထုအခြေပြု အိမ်တွင်းပြုစုမှုစီမံချက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံသူ နာပြုနှင့် သားဖွားအသင်းက ဆောင်ရွက်လျက်ရှိသော လူထုအခြေပြု အိမ်တွင်းပြုစုမှု စီမံချက်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်း (၆၄)ရပ်ကွက် စက်မှုဇုန်ရှိ အေးရိပ်ငြိမ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာဒေါ်ခင်ညိုနှင့် ဗဟိုစီမံချက်အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းအသီးသီးရှိ စီမံချက်ဧရိယာမြို့နယ်များမှ ညှိနှိုင်းရေးမှူးများနှင့် လက်ထောက်ညှိနှိုင်းရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အခြားကူးစက်ရောဂါရှင်များအား ထိရောက်ထက်မြက် အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်ပြုစုမှု အပြည့်အဝပေးနိုင်ရေး၊ ဝေဒနာရှင်များနှင့် ယင်းတို့၏ မိသားစုဝင်များအား ကျန်းမာရေး၊ လူမှုရေးကိစ္စ ပံ့ပိုးကူညီမှုများ ပိုမိုတိုးမြှင့်ပေးသွားနိုင်ရေး၊စီမံချက်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၏ အားသာချက်၊ အားနည်းချက်များကို စုပေါင်းဆွေးနွေးညှိနှိုင်းကြသည်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး၊ တာဝန်ရှိသူများနှင့်အတူ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အခြားသော ငြိမ်းချမ်းရေး ရယူခဲ့ကြပြီးဖြစ်သည့် ငြိမ်းချမ်းရေးအဖွဲ့ဝင်များလည်း တက်ရောက်ဂုဏ်ပြုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်က KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦးတို့အတွက် လက်ဆောင်ပစ္စည်းများ၊ နေထိုင်စားသောက်ရေးအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်များ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကြိုဆိုနှုတ်ခွန်းဆက်

အဆိုပါ ငြိမ်းချမ်းရေးအောင်ပွဲ အခမ်းအနား၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင်ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

စေတနာနှင့်ဆန္ဒသဘောထား

အဆိုပါ ကြိုဆိုနှုတ်ခွန်းဆက်စကားတွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ တိုင်းရင်းသားပြည်သူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ထားရှိသော စေတနာနှင့် ဆန္ဒသဘောထားကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်သဖြင့် ပူးတွဲပါအတိုင်း ဖော်ပြလိုက်ပါသည်။ (သတင်းစဉ်)

သဘင်ငြိမ်းချမ်း သည်အောင်ပန်း

* "ကရင် အမျိုးသား၊ စည်းရုံး"အားနှင့်
"အမျိုးသားလွတ်မြောက်ရေး"၊ညီနောင်သွေးတို့
နွေးထွေးပျူငှာ၊ ဝင်ရောက်လာ၍
မဟာအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲကို
တူနွဲ့ယှဉ်ပြိုင်၊ သည်မှတ်တိုင်သည်
မဏ္ဍိုင်မော်ကွန်း တင်မည်တည်း။

* တိုက်ပွဲကင်းစင်၊ ငြိမ်းချမ်းချင်၍
ဝင်ရောက်လာခြင်း၊ ရှင်းလင်းပြောကြား
သူ့စကားသည်၊ ရိုးသားမှန်ကန်ပါပေသည်။

* ငြိမ်းချမ်းသာယာ၊ ခါခါတောင့်တ
လိုချင်ကြလည်း၊ ပယောဂကြောင့်
မရခဲ့တာ၊ ကြာတောင့်ကြာခဲ့
ခုခါကြုံရ၊ ငြိမ်းချမ်းလှဟု
ဒေသခံတို့၊ တုံ့ပြန်ပြောကြား
သည်စကားသည်၊ သည်းကြားခိုက်မျှ–ကြည်နူးရ။

* တပ်မတော် ပြည်သူ၊ ကြည်ဖြူလက်ကမ်း
ငြိမ်းချမ်းလက်ဆောင်၊ ပျိုးထောင်ပေးမည်
ချစ်ကြည်နွေးထွေး၊ ကတိပေး၍
သွေးသားညီကို၊ ပိုမိုချစ်ခင်
ပျော်ရွှင်ရွှင်နှင့်၊ သဘင်ငြိမ်းချမ်း
သည်အောင်ပန်းကား
မှတ်တမ်းကမ္ဘာ တည်မည်တည်း။ ။

(ငြိမ်းချမ်းရေးအောင်ပွဲကို ဂုဏ်ပြုလျက်...)

တက္ကသိုလ်တင်ဒေ

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းကုမ္ပဏီဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အား ထိုင်းနိုင်ငံ Shin Satellite Public Company Limited **မှ** Vice President, Mr. Makin Petplai **နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Vice President, Mr. Makin Petplai နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသည့်ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) အုပ်ချုပ်မှုကောင်စီ၏ (၂၄)ကြိမ်မြောက် အစည်းအဝေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့် ဖိုရမ်သို့ တက်ရောက်ပြီး ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဖွင့်လှစ်

အဆိုပါ အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၃၈ နိုင်ငံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့် ၆၁ ဦး၊ ကုလသမဂ္ဂအဖွဲ့အစည်း ၁၇ ခု၊ ကွန်ဗင်းရှင်းကိုးခုနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၁၂၅ ခုမှ စုစုပေါင်း ၇၉၆ ဦး တက်ရောက်ကြသည်။ အစည်းအဝေးသို့ ကင်ညာနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Moody Awori က တက်ရောက်အမှာစကားပြောကြား ဖွင့်လှစ်ပေးသည်။

အတည်ပြုချက်ရယူ

အစည်းအဝေးတွင် ကမ္ဘာ့ရွာ (Globalization) ဖြစ်ပေါ်လာမှု အခြေအနေကြောင့် ပတ်ဝန်းကျင်ရေးရာ အခြေအနေများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိလာသည်ကို Globalization and Environment ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အစည်းအဝေး ဒုတိယပိုင်းအဖြစ် ကုလသမဂ္ဂ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှု လုပ်ဆောင်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို မည်သို့ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း United NationsReform ခေါင်းစဉ် ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။ ယခုအစည်းအဝေးမှ ဆွေးနွေးရရှိသည့် အချက်များကို လာမည့်ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်ပြဆွေးနွေးပြီး အတည်ပြုချက် ရယူမည်ဖြစ်သည်။

တင်ပြဆွေးနွေး

ဝန်ကြီးသည် ကမ္ဘာ့ရွာ (Globalization) ဖြစ်ပေါ်လာမှုကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေနှင့် ကုလသမဂ္ဂ ပြင်ဆင်ဖွဲ့စည်းရာတွင် ပတ်ဝန်းကျင်ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိနိုင်ငံ၏ ရပ်တည်ချက်နှင့် သဘောထား အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် အစည်းအဝေး တက်ရောက်စဉ်ကာလအတွင်း ဘရာဇီးနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး Ms.Marina Silva၊ နိုင်ဂျီးရီးယားနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Alhaji Ikra Aliyu Bilbis ၊ ဂါနာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး Hon. Stephen Asamoah-Boatang၊ ကျူးဘားသမ္မတနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Jose A. Diaz Duque၊ မက္ကဆီကိုနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Sr. Fernando Tudela Abad၊ တောင်အာဖရိကသမ္မတနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Rejoice Mabudifhasi နှင့် ဗင်နီဇွဲလားနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Miguel Rodriguez တို့နှင့် တွေ့ဆုံ၍ မိမိနိုင်ငံ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခြင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးတို့အတွက် ဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကင်ညာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သီးသန့် သွားရောက်ပြီး ဒုတိယဝန်ကြီး H.E. Mr. Moses Wetangula နှင့် တွေ့ဆုံ၍ မိမိနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရေးကိစ္စရပ်များကို ရှင်းလင်း ဆွေးနွေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်သော စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့လည်း ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဆေးတက္ကသိုလ်(၂)မှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအား ပညာသင်စရိတ် တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့စဉ်။ (၁၉)

ဗုဒ္ဓပူဇနိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် (၆၈၂) ရပ်ကွက် ၇၃/၇၄ လမ်းနှင့် ၃၄/၃၅ လမ်းကြားရှိ ဇောဓိကုန်း ပုဏ္ဏားစုဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆုတောင်းပြည့် သီရိဆန်တိုဆီးမား မယ်တော် ပူဇော်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ နှင့် ၂၅ ရက် ညများ၌ အဆို၊ အကပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၂-၆၂၀၀၁၊အတွင်းရေးမှူး ဦးမင်းသိမ်း ဖုန်း-၀၂-၃၁၀၇၀နှင့် ဘဏ္ဍာရေးမှူး ဦးစံဝင်း ဖုန်း-၆၀၀၈၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သာသနာ (၂၅၀၀) စေတီတော်မြတ်ကြီး ထီးတော်သစ်တင်လှူပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ (၂၅၀၀) စေတီတော်မြတ်ကြီး သက်တမ်းနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ထီးတော်သစ်တင်လှူပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါ သာသနာ(၂၅၀၀) စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျင်းပသည်။

တက်ရောက်

ထီးတော်သစ်တင်လှူပွဲ အခမ်းအနားသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ နာယက ဆရာတော်များ၊ ထီးတော်သစ်တင်လှူပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသည့် နာယက ဆရာတော်ထံမှ ပရိတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ထီးတော်သစ်ကို တင်လှူပူဇော်ကြသည်။ ယင်းနောက် ရွှေမိုး၊ ငွေမိုး ရွာသွန်းပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၂)အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဆေးတက္ကသိုလ်(၂)ဆရာ ဆရာမများ၊ဝန်ထမ်းများ၊ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲနှင့် ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းရှိ ဆေးတက္ကသိုလ်(၂) စာသင်ခန်းမ(၄)၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ အသင်းဝင်အဆိုပြုလွှာများ လက်ခံပြီး ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ဆေးတက္ကသိုလ်(၂) ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ်(၂) ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၄၇၀ ကို ကျောင်းသား ကျောင်းသူနှစ်ဦးက ပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံရယူပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ကျောင်းသား၊ ကျောင်းသူ ၁၀ဦးအား ပညာသင်စရိတ်ထောက်ပံ့ငွေ ကျပ်တစ်သိန်းစီကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ပြီး ဆေးတက္ကသိုလ်(၂) ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကြီးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၉)

ရန်ကုန်တိုင်း မော်ဘီမြို့ (၁) ရပ်ကွက် အနောက်ပိုင်း အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမရရှိသော တတိယတန်း ကျောင်းသူ မခင်ရတနာနွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဆွေ ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

❍ **မြန်မာနိုင်ငံမှ**

ထုတ်ပေးခြင်းကို မည်သည့်နိုင်ငံတွင်မှမတွေ့ရဘဲ မြန်မာနိုင်ငံ တစ်ခုတည်းမှာသာရရှိသော အထူးအခွင့်အရေး တစ်ရပ်ဖြစ်ပါသည်။ ဟိန္ဒူ ဘာသာရေးအခမ်းအနားပွဲတော်များတွင် နိုင်ငံတော်အစိုးရဘက်မှ ဝန်ကြီးအဆင့်နှင့် အထက် တက်ရောက်ဖွင့်လှစ်ပေးခြင်းများလည်း ဟိန္ဒူဘာသာဝင်များအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာစံနမူနာ ဖြစ်ရပ်များလည်း ရှိပါသည်။

၂။ သို့ရာတွင် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (CSW) သည် အင်အားကြီးနိုင်ငံအချို့၏ လှုံ့ဆော်မှုဖြင့် မြန်မာနိုင်ငံရှိ ခရစ်ယာန်များ နှိပ်ကွပ်ခံရခြင်းဟူသည့် အစီရင်ခံစာတစ်စောင်ပေါ်ထွက်အောင် ဆောင်ရွက်လျက် ရှိကြောင်း ကြားသိရပါသည်။ အစ္စလာမ်များကို နှိပ်စက်ခြင်း၊ ရိုဟင်ဂျာအစ္စလာမ်များကိုဖိနှိပ်ခြင်း၊ ဗုဒ္ဓ ဘာသာရဟန်းနှင့် သီလရှင်များကို ထောင်ချခံရခြင်းများရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြလျက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအကြား၊ ပြည်သူအချင်းချင်း ဘာသာရေး၊ ပဋိပက္ခဖြစ်စေရန် ရည်ရွယ်လျက် ပြည်တွင်းရေးပြဿနာ တစ်စုံတစ်ရာဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်းသိရပါသည်။

၃။ CSW ၏အစီရင်ခံစာပါ ရန်ကိုရန်ဖြင့်တုံ့ပြန်ခြင်းသည် ဘာသာအချင်းချင်း ထိပ်တိုက်တွေ့စေရန် ရည်ရွယ်ခြင်းသာဖြစ်ပါသည်။ လက်ရှိ အီရတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော ပြည်တွင်းစစ်သည် အစ္စလာမ်ဘာသာဝင် အချင်းချင်း ပဋိပက္ခဖြစ်စေရန် အင်အားကြီးနိုင်ငံအချို့၏ ကြိုတင်ကြံစည်မှုတစ်ရပ်သာ ဖြစ်သည့်အပြင် ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံတို့ လူမျိုးစုအချင်းချင်းဘာသာရေးပဋိပက္ခ ဖန်တီးနေခြင်းဖြစ်သည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း အချုပ်အခြာအာဏာပိုင်မှု ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် ဘာသာရေးပြဿနာတစ်စုံတစ်ရာ ဖန်တီးကာ ပြည်တွင်းအေးချမ်းသာယာမှုကို တိုက်ရိုက်ဝင်ရောက်ဖျက်ဆီးမှုကို မိမိတို့ ဟိန္ဒူဘာသာဝင်များကိုယ်စား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် သနာတန ဓမ္မပါလကအဖွဲ့ချုပ်က ကန့်ကွက်ရှုတ်ချပါသည်။

၄။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် CSW အဖွဲ့ကို ခုတုံးလုပ်အသုံးချနေသော အင်အားကြီးနိုင်ငံအချို့၏ လှုံ့ဆော်မှုသည် မှန်ကန်၍ တရားမျှတခြင်းမရှိကြောင်း၊ မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများ သာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ပျက်ပြား အောင်လုပ်ဆောင်နေခြင်းများအား မည်သည့်နည်းနှင့်မျှ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

သနာတန ဓမ္မပါလကအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက် (Resolution) ချမှတ် အရေးယူဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုချက်မူကြမ်း တင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သောလုပ်ရပ်ကိုမခံမရပ်နိုင်ဖြစ်ကြပြီး အမှန်တရားဘက်မှရပ်တည်ကာ တိုကျိုမြို့ရှိ အမေရိကန်သံရုံးရှေ့၌ ကြွေးကြော်သံပိုစတာများကိုင်ဆောင်ပြီး ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေကြစဉ်။

☆ **ကျောဖုံးမှ**

ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းမှ အသင်းဝင်၂၅ဦးတို့သည် ဂျပန်ရဲဌာန၏ လုံခြုံရေးအစီအစဉ် ခွင့်ပြုချက်အရ အဖွဲ့ငယ်များခွဲ၍ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် ကြိုးပမ်းသည့်လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ကြောင်းပိုစတာများ ကိုင်ဆောင်ပြီး ဆန္ဒပြခဲ့ကြခြင်း ဖြစ်ကြောင်းသိရသည်။

ထို့အပြင် အမေရိကန်နှင့်ဗြိတိန်တို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းမှု ထပ်မံမပြုလုပ်ရန်တောင်းဆိုထားသည့် စာများကိုလည်း အဆိုပါသံရုံးအသီးသီးသို့ ပေးအပ်ခဲ့ရာ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့မှ သံအရာရှိများက လက်ခံယူခဲ့ကြကြောင်းသိရသည်။

ယခုကဲ့သို့ ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းက တရားမျှတမှုနှင့် မြန်မာနိုင်ငံဘက်မှ ရပ်တည် ထောက်ခံပြီး **"မြန်မာနိုင်ငံအား ကျွန်ုပ်တို့ချစ်သည်"၊ "မြန်မာ့အရေးကိစ္စကို မြန်မာပြည်သူများကိုသာ ဆုံးဖြတ်ခွင့်ပြုပါ"၊ "ဒီမိုကရေစီသည် ပြည်ပပို့ကုန်မဟုတ်"၊ "ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ရုပ်သေးရုပ်လိုခုတုံးလုပ် အသုံးမချပါနဲ့"၊ "မြန်မာနိုင်ငံအတွက် လိုအပ်နေသည်မှာ ဖိအားပေးမှုမဟုတ်ပါ၊ နားလည်သဘောပေါက်မှုသာဖြစ်သည်"** စသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကြွေးကြော်သံပိုစတာများကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန် ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **"ကိုလိုနီ စရိုက်ကို ဖျောက်၊နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စောင့်ရှောက်"** ဟူသောဆောင်ပုဒ်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ကို ဖွဲ့စည်းလျက် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ဖော်ဆောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနလုပ်ငန်းကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဟု သတ်မှတ်ထားရှိသည်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်း အားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်တို့ကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အနိုင်အထက်ပြုကျင့်မှု ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း ကိုယ်တိုင်တွေ့ကြုံခံစားရသော နစ်နာသူ ပြည်သူလူထုကိုယ်တိုင်က ဖော်ပြပါ လိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၂၀၄၀၊ ဖက်(စ်)၀၆၇-၄၁၂၀၁၆၊ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ် (၁၀)၊ နေပြည်တော်၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇-၄၁၂၀၇၂၊ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၁၂၀၆၉၊ ဖက်(စ်)၀၆၇-၄၁၂၄၃၉၊ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ e-mail; ddg.gad @ gad.gov. mm တို့ဖြစ်သည်။

ဝန်ကြီးရုံးက တရားဝင်ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးပေးမည်ဖြစ်ပြီး ပြည်သူလူထု၏ နစ်နာမှုမဖြစ်စေရန် တာဝန်ယူသည်။ ပြည်သူလူထုကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ကူညီဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ယနေ့ မိုးလေဝသ

၁၄-၂-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထုယုံကြည်အားကိုးသည့် သန့်ရှင်းသော အုပ်ချုပ်ရေးယန္တရားတစ်ရပ် ဖြစ်ပေါ်လာစေရန် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ရန် ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန၌ ဝန်ကြီးရုံးအဖွဲ့၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့ကို ဖွဲ့စည်းလျက် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စွမ်းအင်ဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး၊ ပစ္စည်း၊ အခွင့် အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုကျင့်မှုများ ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း နစ်နာခံစားရသူ ပြည်သူလူထုကိုယ်တိုင်က စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၁၀၄၉၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇-၄၁၁၀၅၄၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၁၀၆၀၊ ဖက်(စ်)၀၆၇-၄၁၁၀၁၂၊ စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) နေပြည်တော်၊ e-mail; myanenergy @ mptmail.net. mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက ဥပဒေနှင့်အညီ မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုကလည်း နည်းလမ်းတကျ ပူးပေါင်းပါဝင်ကြရန် စွမ်းအင်ဝန်ကြီးဌာနက တိုက်တွန်းထားသည်။

(သတင်းစဉ်)

သံတောင်မြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်း ပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီး လျက်ရှိသည်။

ကရင်ပြည်နယ် သံတောင်မြို့နယ်၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းသိရှိရသည်။

ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ် သံတောင်မြို့နယ် သပြေညွှန့်ကျေးရွာနေ ဖိုးသာထူး(၃၂)နှစ်သည် တောထဲသို့ ဝါးခုတ်သွားစဉ် သံတောင်မြို့နယ် ဇင်းတိုင်ကျေးရွာအနီး၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသဖြင့် ဝဲခြေဖမိုးပြတ်တောက် ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူ ဖိုးသာထူးအား တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ယခုကဲ့သို့ အများပြည်သူသွားလာလှုပ်ရှားတတ်သည့် နေရာများတွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်း သူများအား တာဝန်ရှိသူများက ပြည်သူလူထုနှင့် ပူးပေါင်း၍ ဖမ်းဆီးအရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး"(ဒုတွဲ)(အပိုင်း-၂၂)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ရည်မှန်းချက်များပြည့်မြောက်ရေး၊ လုပ်ငန်းများ စောနိုင်သမျှစောစွာပြီးစီးရေးအတွက် ပိုမိုကောင်းမွန်သော၊ ပိုမိုမြန်ဆန်ထိရောက်သောနည်းလမ်းများ ရှာကြံကြိုးစားဆောင်ရွက်



နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ပိုမိုသင့်လျော်သည့် ဒီဇိုင်းပုံစံ ပြောင်းလဲဆောင်ရွက်ချက်များ၊ ဒီဇိုင်းပုံစံ ပြောင်းလဲဆောင်ရွက်မှုကြောင့် လုပ်ငန်းသုံးကျောက်ကြီးနှင့် ဘဏ္ဍာငွေကြေး ကုန်ကျမှုလျော့နည်း သက်သာသွားသည်သာမက လုပ်ငန်းပြီးစီးမှုလည်း ပိုမိုမြန်ဆန်လာမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက စီမံကိန်းများအတွက် စက်သုံးဆီ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ စီမံကိန်းဧရိယာနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပင်မရေပိုလွှဲ တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ရေလွှဲရေထုတ်ပြွန်နှင့် ဖိအားမြင့် သံမဏိပိုက်လိုင်း တည်ဆောက်တပ်ဆင်သွားမည့်နေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အကောင်အထည်ဖော်နေ

ထိုနောက် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ ပင်မတမံ လုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် မြေဖို့၊ မြေညှိ၊ ရေဖျန်း၊ မြေသိပ် လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် အကူရေပိုလွှဲတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် (၆)မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။
(သတင်းစဉ်)

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများ၌ ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်သည်။ ရွှေကျင်ချောင်းပေါ်၌ အလျားပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ဇုန်အမျိုးအစား တမံတည်ဆောက်လျက် ရေလှောင်ကန်မှ ရေအားအမြင့်ကိုရယူ၍ ရေအားလျှပ်စစ် ၇၅ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားကွန်ရက်မှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးရန် ရည်ရွယ်ပြီး ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ကွန်းချောင်းရေအားလျှပ်စစ်

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖြူးမြို့နယ်ရှိ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မဂ္ဂါဝပ် ၆၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ကို နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးနိုင်ရန်ရည်ရွယ်၍ ဤစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

စိုက်ပျိုးရေပါပေးနိုင်

ဤစီမံကိန်းမှာ ရေအားလျှပ်စစ်ထုတ်ယူရရှိမည့်အပြင် စိုက်ပျိုးရေပါ ပေးဝေနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ လျှပ်စစ်လုပ်ငန်းများကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ဆည်မြောင်း ဦးစီးဌာနနှင့် လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုး
များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိ
စက်သုံးဆီ ညှိနှိုင်းဖြည့်ဆည်းပေးသည့်
တင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သ

စုရပ်မှကြ

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်
ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြ
ရှုရပ်မှ ကြည့်ရှုကြသည်။

ဆက်လက်၍ ဖိအားမြင့် ဥမင်လိုဏ်
စစ်ဆေးကြသည်။

ဖိအားမြင့်ဥမင်လိုဏ်မှာ အရှည် ၃
တူးဖော်ပြီးဖြစ်သည်။

ထို့နောက် ချဉ်းကပ်ဥမင်လိုဏ်
များကိုလည်းကောင်း၊ ချဉ်းကပ်ဥမင်လိုဏ
Down Stream လိုဏ်များ တစ်ပြိုင်နက
အနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေ

ဆက်လက်၍ အချင်း ၁၈ ပေ၊ အရှ
ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှု

ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်
လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးက

ပူးပေါင်း

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်
ဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်ထည်

စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၂၀ တ
လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ
၁၁၀၀၀၀ ကိုလည်း စိုက်ပျိုးရေ ပေးဝေ

ခပေါင်းရေလှောင်တမံ ဘက်စုံစီ

ရဲနွယ်ဘက်စုံစီမံကိန်း ပြီးစီးပြီဖြစ်သကဲ့သို့ ကွန်းချောင်းစီမံကိန်းများ၏ ဆည်လုပ်ငန်းများနှ လျှပ်စစ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်တို မည်ဆိုပါက ဤဒေသအတွင်း လုပ်ငန်းများ အတေ သွားမည်ဖြစ်၍ လျာထားချက်ထက် စောစီးစွာ ပြီးစီး လုပ်ငန်းများ၏ အကျိုးကျေးဇူးကို ပြည်သူများ စော ရပြီး ဤလုပ်ငန်းများရှိ ကျွမ်းကျင်မှုစွမ်းအားနှင့် အင်အားတို့ကို အခြားစီမံကိန်းများသို့ အားဖြည့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက စက်သုံးဆီ ညှိနှိုင်းဖြည့်ဆည်းပေးသည့် အခြေအနေများကိုလည်းကောင်း တင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

စုရပ်မှကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်မတမံ တည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှုရပ်မှ ကြည့်ရှုကြသည်။

ဆက်လက်၍ ဖိအားမြင့် ဥမင်လိုဏ်တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဖိအားမြင့်ဥမင်လိုဏ်မှာ အရှည် ၃၃၅ ပေရှိပြီး ယခုအခါ ၁၄၉ ပေ တူးဖော်ပြီးဖြစ်သည်။

ထို့နောက် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁) ဖောက်လုပ်ပြီးစီးမှုများကိုလည်းကောင်း၊ ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁)၌ Up Stream နှင့် Down Stream လိုဏ်များ တစ်ပြိုင်နက်တည်း တူးဖော်နေသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အချင်း ၁၈ ပေ၊ အရှည် ၅၇၅၆ ပေရှိ ရေသွယ်ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ပူးပေါင်းဆောင်ရွက်

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်ထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၂၀ တပ်ဆင်အင်အားရှိ စက်သုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်ယူရရှိမည့်အပြင် လယ်မြေဧက ၁၁၀၀၀၀ ကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

ခပေါင်းရေလှောင်တမံ

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ၈၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ခပေါင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများနှင့် လုပ်ငန်းတိုးတက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းပေးပြီးနောက် စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း ဆည်တမံများနှင့်တွဲဖက်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းများကို စုဖွဲ့တည်ဆောက်ပေးလျက်ရှိရာ ဆည်များ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီးစီးသည်နှင့် တစ်ပြေးညီ ဆည်ရေသောက်စနစ်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်းများပါ ပြီးစီးအောင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြဖို့လိုကြောင်း၊ ရဲနွယ်ဘက်စုံစီမံကိန်းပြီးစီးပြီဖြစ်သကဲ့သို့ ခပေါင်းနှင့်ကွန်းချောင်းစီမံကိန်းများ၏ ဆည်လုပ်ငန်းများနှင့် ရေအားလျှပ်စစ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်တိုက်ပြီးစီးသွားမည်ဆိုပါက ဤဒေသအတွင်း လုပ်ငန်းများအတော်ပင် ပြည့်စုံသွားမည်ဖြစ်ကြောင်း၊ လျာထားချက်ထက် စောစီးစွာပြီးစီးသည်နှင့်အမျှ လုပ်ငန်းများ၏ အကျိုးကျေးဇူးကို ပြည်သူများ စောစီးစွာ ခံစားရပြီး ဤလုပ်ငန်းများရှိ ကျွမ်းကျင်မှုစွမ်းအားနှင့် စက်ယန္တရားအင်အားတို့ကို အခြားစီမံကိန်းများသို့ အားဖြည့်ပေးနိုင်မှာဖြစ်ကြောင်း။

တိုင်းမှူးက ကြီးကြပ်ဆောင်ရွက်နေသည့် စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် ရေကြီးကွင်းများ၌ စိုက်ပျိုးမြေ ဖော်ထုတ်ရေးလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် တက်တက်ကြွကြွ ပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရည်မှန်းချက်များ၊ ပြည့်မြောက်ရေးလုပ်ငန်းများ စောနိုင်သမျှစောစွာ ပြီးစီးရေးတို့အတွက် ပိုမိုကောင်းမွန်သော၊ ပိုမိုမြန်ဆန်ထိရောက်သော နည်းလမ်းများ ရှာကြံကြိုးစား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကုန်းကျောတမံ တည်ဆောက်ပြီးစီးမှု၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု ၊ ပင်မတမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ရေသွယ်ဥမင်လိုဏ်အထွက်ပိုင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဘက်စုံစီမံကိန်း

ခပေါင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အုတ်တွင်းမြို့ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိပြီး လယ်မြေဧကတစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းဖြစ်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြပြီး နေပြည်တော်၌ ရောက်ရှိနေကြသည့် ပြည်နယ်၊တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေရပ်အသီးသီးသို့ ပြည်တွင်းလေကြောင်း(**အပေါ်ပုံ**)၊ မီးရထား (**အောက်ပုံ**)၊ မော်တော်ယာဉ်များဖြင့် နေပြည်တော်တည်းခိုရေး စခန်းမှစတင်၍ ပြန်လည်ထွက်ခွာကြရာ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)





...ပြီးစီးပြီဖြစ်သကဲ့သို့ ခပေါင်းနှင့်
...ဆည်လုပ်ငန်းများနှင့် ရေအား
...ဆက်မပြတ် ဆက်တိုက်ပြီးစီးသွား
...း လုပ်ငန်းများ အတော်ပင် ပြည့်စုံ
...ထက် စောစီးစွာ ပြီးစီးသည်နှင့်အမျှ
...ဇူးကို ပြည်သူများ စောစီးစွာ ခံစား
...မ်းကျင်မှုစွမ်းအားနှင့် စက်ယန္တရား
...န်းများသို့ အားဖြည့်ပေးနိုင်မှာဖြစ်။

အမျိုးသမီးများ၏ ဘဝပုံရိပ်ဝတ္ထုများ အမှတ်(၁၊၂၊၃) ထွက်ပြီ



ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာအမျိုးသမီးစာရေးဆရာမကြီးများ၏ စိတ်ဝင်စားဖွယ်လက်ရာများကို စုစည်းတင်ပြထားသည့် အမျိုးသမီးများ၏ဘဝပုံရိပ်ဝတ္ထုများ အမှတ်(၁၊၂၊၃) ဝတ္ထုတိုပေါင်းချုပ်စာအုပ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးက စုစည်းထုတ်ဝေလိုက်သည်။

ဘဝပုံရိပ်ဝတ္ထုများ အမှတ်(၁)တွင် စာရေးဆရာမကြီးများဖြစ်သော မမြတ်လေး၊ စောမုံညင်း၊ ဒေါက်တာမတင်ဝင်း၊ ဂျာနယ်ကျော်မမလေး၊ မဝင်းမြင့်၊ မိုးမိုး(အင်းလျား)၊ မလေးလုံ၊ မကြွယ်ကြွယ်၊ ကြူကြူသင်း၊ မနှင်းဖွေးနှင့် မိုးငြိမ်းဇော်တို့၏ ဝတ္ထုတိုများပါဝင်ပြီး ဘဝပုံရိပ်ဝတ္ထုတိုများ အမှတ်(၂)တွင် ဂျာနယ်ကျော်မမလေး၊ ငွေတာရီ၊ မမြတ်လေး၊ မစန္ဒာ၊ ယုဝတီသိင်္ဂီမြင့်၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)နှင့် ညိုမင်းဝေတို့၏ ဝတ္ထုတိုများပါဝင်ကာ ဘဝပုံရိပ်ဝတ္ထုတိုများ အမှတ်(၃)တွင် နန်းနွယ်နွယ်၊ မိုးမိုး(အင်းလျား)၊ မစန္ဒာ၊ ယဉ်ယဉ်နု(မန္တလေး)၊ ခင်ခင်ထူး၊ မဦးနှင့် ငြိမ်း(ရွှေလီ)တို့၏ ဝတ္ထုတိုများ ပါဝင်သည်။

ဝတ္ထုတိုများသည် သားများမိခင်ဥယျာဉ်မှူးကောင်းတို့၏ နည်းယူဖွယ်ရာ အရည်အသွေးထက်မြက်မှု အဖုံဖုံကို ရသစုံစွာ၊ ရှုထောင့်စုံစွာ တင်ပြထားသည်။

စာအုပ်များကို စာပေဗိမာန်စာအုပ်အရောင်းဆိုင် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် သိမ်ဖြူလမ်း ရန်ကုန်မြို့တို့တွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၁၃၆၈ခုနှစ်၊တပို့တွဲလပြည့်ကျော် ၁၃ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ ဂမုန်းရေလှောင်တမံ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄:၅၅ ၅။ မြန်မာစာ၊ မြန်မာစကား
၅:၁၀ ၆။ **"အနိုင်အရှုံး" (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅:၁၅ ၇။ သီချင်းကြီးပဒေသာ
၅:၂၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၀ ၁၃။ Discovery
၇:၁၀ ၁၄။ **"အသက်ကလေးရယ်တဲ့ ရှည်စေလို" (ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင်) (ဒါရိုက်တာ-ကြည်စိုး)**
၇:၂၅ ၁၅။ တေးဂီတအစီအစဉ်
၇:၃၅ ၁၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၇:၄၅ ၁၇။ ဘာသာစကား သင်ကြားလေ့လာ တက္ကသိုလ်မှာ (အပိုင်း-၂)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ရသစုံလင် ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ် (ခန့်စည်သူ၊ချောရတနာ၊ ရတနာ၊ဖြိုးဖြိုး၊လုလု၊ ကျော်ထူး၊ ဟန်နီထွန်း၊ မင်းခ၊ ဇေယျာ၊ ရှက်တယ်၊ နေယံ)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

မြင်းခြံမြို့ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် ဦးအောင်မြိုင်–ဒေါ်ခင်အေး မိသားစု၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့သည့် မြင်းခြံမြို့ အမှတ်(၄)ရပ်ကွက် အေးမေတ္တာလမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီခွဲတွင် အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် အေးမေတ္တာလမ်း ကျောက်ချောလမ်းသစ်ကို မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်နှင့် အလှူရှင် ဦးအောင်မြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းကျောက်ချောလမ်းသစ်သည် အကျယ် ၁၄ပေ၊ အရှည်ပေ ၅၅၀ရှိပြီး အလှူရှင်တစ်ဦးတည်း၏ လှူဒါန်းငွေကျပ် ၃၈သိန်းဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့ပြုလမ်းနှင့် ကျေးလက်စက်ရေတွင်း ဖွင့်လှစ်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စလေမြို့ ဆေးရုံလမ်းကျောက်ချောလမ်းသစ်နှင့် ရွာမကျေးရွာအုပ်စု ချောင်းဦးကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲများကို ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ချောင်းဦးကျေးရွာ စက်ရေတွင်းမှာ တစ်နာရီ ရေဂါလန်၂၀၀၀ထွက်ရှိပြီး ချောင်းဦးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာနှစ်ရွာရှိ ကျေးလက်ပြည်သူ များအတွက် သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

ဝိုင်းမော်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖေဖော်ဝါရီ ၇ရက် နံနက် ၉ နာရီတွင် အမှတ်(၁၀)လမ်းနှင့် ဈေးပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပသည်။

အဆိုပါ ကတ္တရာလမ်းသည် အရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၁၀၂၇၄၀၀၀ဖြင့် ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။

မေတ္တာရှင်ထေရဝါဒ ဓမ္မစာကြည့်တိုက်

ဆရာတော်ဦးဇဝန (မေတ္တာရှင်–ရွှေပြည်သာ)၏ ဩဝါဒကိုခံယူပြီး ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်(၁၄/၁)ရပ်ကွက်ရှိ လူငယ်များဦးစီးသည့် မေတ္တာရှင် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးဓမ္မစာကြည့်တိုက်၊ တရားစာအုပ်၊ တရားခွေများ ဓမ္မဒါန(အခမဲ့)ငှားရမ်းခြင်းဖွင့်ပွဲကို အဆိုပါရပ်ကွက်ရှိ သာသနာ့ ဟိတကာရီဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ ဆရာတော် ဦးဇဝန (မေတ္တာရှင်–ရွှေပြည်သာ)က အဖွင့်တရားချီးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ဖုန်း–၅၆၃၃၄၆၊ ၅၆၃၃၂၅၊ ၅၆၂၆၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မီးသတ်အငြိမ်းစားအသင်း နှစ်ပတ်လည်အစည်းအဝေး

မြန်မာနိုင်ငံမီးသတ်(အငြိမ်းစား)ဝန်ထမ်းဟောင်းများအသင်း (၁၄)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ရက် (စနေနေ့) နံနက်၈နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၅)ရပ်ကွက် မီးသတ်ဦးစီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ရန်ကုန်မြို့ လှိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ရပ်ကွက် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး ပညာပေးဟောပြောပွဲကို လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် စေတနာသုခဓမ္မာရုံ၌ ဇန်နဝါရီ ၂၇ရက် ညနေ ၅နာရီတွင်ကျင်းပသည်။ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ဦးခင်မောင်မြင့်က မီးဘေးသတိမူရေး၊ မီးဘေး ကြိုတင်ကာကွယ်တားဆီးရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အကြောင်း ပညာပေးဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်ညွှန့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် ရပ်ကွက်ပြည်သူ ၅၀၀ကျော် တက်ရောက်ခဲ့ကြသည်။

ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း အစည်းအဝေးရက် ထပ်မံရွှေ့

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကို သုဝဏ္ဏလမ်းဆုံရှိ MCEAအသင်းရုံးချုပ်ခန်းမ၌ ဖေဖော်ဝါရီ ၁၈ရက်တွင် ကျင်းပမည့်အစား ဖေဖော်ဝါရီ ၂၃ ရက် (သောကြာနေ့) နံနက် ၉နာရီသို့ ထပ်မံ ရက်ရွှေ့လိုက်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားနှင့် အထိမ်းအမှတ်ပြိုင်ပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ရွှေပြည်သာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင် ဖတ်ကြားစဉ်။ (က–ပ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တာမွေမြို့နယ် ကျောက်မြောင်း ကြက်တောင်ရိုက်အသင်းက ကြီးမှူးကျင်းပသော ကြက်တောင် ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုတင်ထွန်းနှင့် ကိုရဲလတ် ဝင်းတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ဆုချီးမြှင့်စဉ်။ (က–ပ)

ဖေဖော်ဝါရီ ၁၂ရက်က ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အနောက်ခြမ်း ငါးမြို့နယ် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များမှ မူကြိုကလေးများ ကာယ၊ ဉာဏမောင်မယ် ဘက်စုံဖွံ့ဖြိုးရေးပြိုင်ပွဲကို မြို့နယ်ခန်းမ၌ကျင်းပရာ ဆုရရှိသူကလေးငယ်များအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ဆုချီးမြှင့်စဉ်။ (၅၂၉)

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၆)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ်(၂၁/၄၃–စီ) ကြားတောရလမ်း ဗဟန်းမြို့နယ် ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် (၇၅)နှစ်အထက် အသင်းဝင်များသည် မှတ်ပုံတင်မိတ္တူဖြင့် လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် အမှတ်စာရင်း မိတ္တူဖြင့်လည်းကောင်း၊ ပုသိမ်အသင်း (ရန်ကုန်)သို့ ဖေဖော်ဝါရီ ၂၀ ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ စာရင်းပေးပို့ ရမည်ဖြစ်သည်။ လှူဒါန်းလိုပါက ပုသိမ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း–၀၉–၈၀၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း–၀၉–၅၀၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း–၀၉–၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း–၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း–၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အင်တာနက် ကျန်းမာရေးသတင်း

နေ့လယ်နေ့ခင်း အိပ်စက်ခြင်းကြောင့် နှလုံးသွေးကြောရောဂါရှိသူများ အကျိုးရှိနိုင်

အေသင် ဖေဖော်ဝါရီ ၁၃

နေ့လယ်နေ့ခင်းအချိန်တွင် တစ်ရေးတမော ခဏတဖြုတ် မှေးစက်သည့် အလေ့အထရှိခြင်းသည် နှလုံးသွေးကြောရောဂါကြောင့် အသက်ဆုံးရှုံးမည့် အန္တရာယ်ကို လျော့ပါးစေနိုင်သည်ဟု ဟားမတ်ကျန်းမာရေးပညာတက္ကသိုလ်နှင့် အေသင်ဆေးတက္ကသိုလ်တို့မှ သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။

နေ့ခင်းချိန်ခါ အိပ်စက်လေ့ရှိသူများသည် အခြား မအိပ်စက်သူများနှင့် နှိုင်းစာလျှင် နှလုံးရောဂါ၊ လေဖြတ်ရောဂါ စသည်များနှင့် အသက်ဆုံးရှုံးရန် အခွင့်အလမ်းသုံးပုံတစ်ပုံ ပို၍လျော့နည်းသည်ဟု ဖေဖော်ဝါရီ ၁၂ရက်တွင် ထုတ်ဝေသည့် ကိုယ်တွင်းအင်္ဂါ ဆေးပညာမော်ကွန်းစာစောင်၌ ဖော်ပြထားသည်။

နေ့ခင်းချိန်ခါ မှေးစက်မှု၊ ညနေစောင်းကာလမှေးစက်မှု စသည်ဖြင့် မှေးစက်သည့် အချိန်ကာလပေါ်မူတည်၍လည်း အကျိုးသက်ရောက်မှုချင်း ကွဲပြားနိုင်သည်ဟူသော လေ့လာချက်များလည်း တွေ့ရှိထားသေးသည်။ သို့ဖြစ်ရာ လေ့လာမှုရလဒ်များသည် တစ်ပြေးညီမရှိဘဲ မညီမညွတ်ဖြစ်နေသည်။ ထို့ကြောင့် နေခင်းအိပ်စက်ခြင်းမှာအကျိုးရှိသည်ဟု ယူဆ၍ တမင်သက်သက် အိပ်စက်မှုမျိုးကိုမူ ရှောင်ကြဉ်ကြရန် ပညာရှင်များက သတိပေးထားသည်။

အိပ်စက်မှုကြောင့် ကောင်းသောအကျိုးရလဒ်ရှိသည်ဟု တွေ့မြင်ရခြင်းမှာ အိပ်စက်မှုတစ်ခုတည်းသက်သက်ကြောင့်မဟုတ်ဘဲ အခြားသောအကြောင်း အချက်များ၏အကျိုးသက်ရောက်မှုများလည်း ရှိနိုင်သည်ဟုဆိုသည်။ ဥပမာ အားဖြင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းနှင့် အစားအစာကြောင့်လည်း ဖြစ်နိုင်သည်ဟု ဆိုသည်။

ယခုလေ့လာမှုမှာ ဂရိနိုင်ငံတွင်နေထိုင်သူ အမျိုးသားများနှင့် အမျိုးသမီး ပေါင်း၂၃၆၈၁ဦးတို့ကို လေ့လာရာမှ သိရှိလာသော အဖြေဖြစ်သည်။ ဤလေ့လာမှု တွင် ပါဝင်သူများအားလုံး စတင်လေ့လာမှုပြုလုပ်ချိန်က နှလုံးသွေးကြောရောဂါ နှင့် ကင်ဆာရောဂါဝေဒနာ၊ လေဖြတ်ရောဂါဝေဒနာ မရှိသူများဖြစ်သည်။ လေ့လာသူ ပညာရှင်များက စမ်းသပ်ခံများအားကို ခြောက်နှစ်ကျော်ကြာ စောင့်ကြည့်ကာ ဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။

ဤလေ့လာမှုကို ဦးဆောင်ခဲ့သူနှစ်ဦးမှာ အေသင်ဆေးပညာတက္ကသိုလ် ကျန်းမာရေးနှင့် ရောဂါဗေဒပညာဌာနမှ ကထိက အင်ဒရော်နီကီနာစ်ကာနှင့် ဟားမတ် ကျန်းမာရေးပညာတက္ကသိုလ်မှ ကင်ဆာနှင့်ရောဂါဗေဒပါမောက္ခ ဒီမီထရီယိုထရီကိုပူလို့စ်တို့ဖြစ်သည်။ *အင်တာနက်။*

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၂–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၃၅	မိုးလေဝသခန့်မှန်းချက်
၇း၀၅	ဘဝဆိုတာ ပေးဆပ်ခြင်း တရားတော်(စစ်ကိုင်း ခင်မကန်ကျောင်းတိုက် ဆရာတော် အရှင်ခေမိန္ဒ)	၁၀း၄၀	Movie Talk (Short Film) (Part I)
၈း၀၅	နိုင်ငံတကာ အနုပညာရေးရာကဏ္ဍ	၁၁း၁၀	ကျန်းမာပေါ့ပါးရေကူးအားကစား
၈း၃၅	တေးဂီတအစီအစဉ်	၁၁း၃၀	တေးဂီတအစီအစဉ်
၈း၄၀	အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ	၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၄၅	ရှမ်းပြည်နယ် တိုင်းရင်းသားများရိုးရာ ပဒေသာကပွဲ
၉း၁၅	Midweek Sports News	၁၂း၀၀	တေးဂီတအစီအစဉ်
၉း၃၀	တေးဂီတအစီအစဉ်	၁၂း၀၅	ညှော်မယ်ဖျို့(ခန့်စည်သူ၊ ၄က်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၉း၃၅	ရန့်စုံထူးကဲဆပ်ပြာမွှေးခဲ	၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း	၁၂း၂၀	ဆေးဖက်ဝင် မာလကာပင်၏ အာဟာရတန်ဖိုးများအကြောင်း
၉း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၂း၃၅	တေးဂီတအစီအစဉ်
၁၀း၁၅	ကြည်နူးခံစား လက်ဆောင်ထုပ်ပိုးမှုများ	၁၂း၄၀	သီးနှံအထွက်တိုးစေမည့် ရာသီပြောင်းစက်များ
၁၀း၃၀	တေးဂီတအစီအစဉ်	၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Bolton - Arsenal	5-Sports(Live)

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ

ရန်ကုန်–လက်ပံတန်း–ပြည်ခရီးစဉ် ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) မှ စတင်တာလွှတ်ရာ ယနေ့တွင် ပြည်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားသည်။

ရန်ကုန်မြို့မှ စတင်တာထွက်လာသော ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် ရန်ကုန်–ပြည်ကားလမ်းအတိုင်း မှော်ဘီမြို့၊ တိုက်ကြီးမြို့၊ ဥက္ကံမြို့၊ သုံးဆယ်မြို့နှင့်သာယာဝတီမြို့များကို ဖြတ်သန်းကာ လက်ပံတန်းမြို့သို့ နံနက် ၁၀ နာရီခန့်တွင် ရောက်ရှိပြီး ပန်းဝင်ကြသည်။ ရန်ကုန်မြို့မှ ပြိုင်ပွဲဝင် ၁၀၆ ဦး တာထွက်ယှဉ်ပြိုင်ရာ လက်ပံတန်းမြို့သို့ ၇၈ဦးအောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။

လက်ပံတန်းမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူ ၁၀ဦးမှာ ပထမ သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)၊ ဒုတိယအောင်နိုင်လင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တတိယ ဝင်းကိုမောင် (ရောဝတီတိုင်း)၊ စတုတ္ထ ရန်အောင်ဦး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပဉ္စမ ကျော်ကျော်ဦး (ပဲခူးတိုင်း)၊ ဆဋ္ဌမ အောင်ဖြိုး (MAX XIS)၊ သတ္တမ မင်းဇော်(နေပြည်တော်)၊ အဋ္ဌမ ထွန်းထွန်း (MAX XIS)၊ နဝမ ဇော်ဝင်းထွန်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဒသမ ချစ်ဦး(ရောဝတီတိုင်း) တို့ဖြစ်ကြသည်။

ရန်ကုန်–လက်ပံတန်းခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် ည ၇နာရီတွင် လက်ပံတန်းမြို့ ဓိဝနည်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ Myanmar Towards Co., Ltd. မှ Unit Dancer အဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေပြီး လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁)ဒုတိယ ရဲမှူးခင်မောင်လတ်က တတိယဆုရရှိသော ဝင်းကိုမောင် (ရောဝတီတိုင်း)အား ငွေကျပ်တစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးက ဒုတိယဆုရရှိသော အောင်နိုင်လင်း ရှမ်းပြည်နယ်(တောင်ပိုင်း)အားငွေကျပ်နှစ်သောင်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနော်တောင်က ပထမဆုရရှိသော သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)အား ငွေကျပ်သုံးသောင်းနှင့် အဝါရောင်အင်္ကျီကို ပေးအပ်ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၏ လက်ပံတန်း–ပြည်ခရီးစဉ်ကို ယနေ့ နံနက် ၆နာရီတွင် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် လက်ပံတန်းမြို့မှ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်နှင့် ရွှေတောင်မြို့များကို ဖြတ်သန်းပြီး ပြည်မြို့သို့ နံနက် ၁၀နာရီတွင် ရောက်ရှိပန်းဝင်ကြသည်။ လက်ပံတန်းမြို့မှ ပြိုင်ပွဲဝင် ၇၉ဦးတာထွက်ယှဉ်ရာ ပြည်မြို့သို့ ၇၇ဦး အောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။

ပြည်မြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူ ၁၀ ဦးမှာ ပထမ အောင်မျိုးနိုင် (MAX XIS)၊ ဒုတိယ ဝင်းကိုမောင်(ရောဝတီတိုင်း)၊ တတိယ မောင်မောင်နေယု (ရန်ကုန်တိုင်း)၊ စတုတ္ထ စောငယ်ငယ် (အင်းစိန်)၊ ပဉ္စမ မင်းဇော်(နေပြည်တော်)၊ ဆဋ္ဌမ သူရိန်ဝင်း(ဘဏ္ဍာ/အခွန်)၊ သတ္တမ ရန်နောင်ဦး (လယ်/ဆည်)၊ အဋ္ဌမ ထွန်းထွန်း (MAX XIS)၊ နဝမ ခင်မောင်ဌေး ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဒသမ ရန်မျိုးအောင်(ရန်ကုန်တိုင်း) တို့ဖြစ်ကြသည်။

လက်ပံတန်း–ပြည် ခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ပြည်မြို့ ပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ Myanmar Towards Co., Ltd. မှ Unit Dancer အဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေပြီး ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က တတိယဆုရရှိသော မောင်မောင်နေယု (ရန်ကုန်တိုင်း)အား ငွေကျပ်တစ်သောင်း ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အမှုဆောင် ဦးမျိုးမင်းက ဒုတိယဆုရရှိသော ဝင်းကိုမောင် (ရောဝတီတိုင်း)အား ငွေကျပ်နှစ်သောင်းကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်က ပထမဆုရရှိသော အောင်မျိုးနိုင် (MAX XIS) အား ငွေကျပ်သုံးသောင်းနှင့် အဝါရောင်အင်္ကျီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ စက်ဘီးအားကစားအကြောင်းကို အတွင်းရေးမှူး ဦးဇော်မြင့်၊ နည်းပြ ဦးမြင့်ဟန်နှင့် ဆေးမှူး ဒေါက်တာအောင်သိန်းဌေးတို့က ဟောပြောကြသည်။ ခရီးလမ်းတစ်လျှောက်၌ ဒေသခံပြည်သူများက အားပေးကြသည်။

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးပြိုင်ပွဲအောင်မြင်ရေးအတွက် Myanmar Towards Co., Ltd. က ခရီးစဉ်တစ်လျှောက်လိုက်ပါ၍ ကူညီပံ့ပိုးပေးလျက်ရှိသည်။ ပြည်–တောင်တွင်းကြီးခရီးစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၆ နာရီတွင် တာလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပရာ နေဗလဝင်းမြင့်က ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင် ကစားလျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည် တီခုံ အမှတ်(၁) (Tee-1)၌ နေရာယူကြပြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် Mr. Peter Ong (General Manager of Myanmar Brewery Ltd.) တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက် ၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရန်မျိုးအေးက ၇၂ ချက်ဖြင့် ဒုတိယလိုက်ပြီး ဌေးအောင်ဌေးနှင့် အောင်ဝင်းတို့က ၇၄ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd ဖြစ်၍ Co-Sponsors များအဖြစ် ALPINE Purified Drinking Water, Srixon, Point Golf Gear Factory. Air Mandalay, OSIM နှင့် Accel International Co., Ltd. (Canon) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေး အတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက် ရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကွယ်လွန်သူ ဦးမောင်စိန်အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် စမုံလမ်းနေ ဒေါ်တင်မေမိသားစုက မုဒုံမြို့ ဘိုးဘွားရိပ်သာ လေ့လာရေး အဘိုးအဘွားများအား တစ်နေ့တာ ကျွေးမွေးစရိတ်ငွေ ကျပ် ၁၀၀၀၀၀ ကို ဖေဖော်ဝါရီ ၁၁ ရက် ပေးအပ်လှူဒါန်းရာ မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ ကော်မတီဝင် ဦးမောင်မောင်သက်က လက်ခံရယူပြီး အထိမ်းအမှတ်အလံအား ဒေါ်တင်မေ မိသားစုကိုယ်စား ဦးသန်းလွင်ထံ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

အင်တာနက် အားကစားသတင်းများ

ချန်ပီယံဆုဖလားရရှိရန် မန်ချက်စတာယူနိုက်တက် မျှော်လင့်

မန်ချက်စတာ ဖေဖော်ဝါရီ ၁၃

မိမိ၏အသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘောလုံးရာသီ သုံးရာသီ ချန်ပီယံဆုဖလားနှင့် ဝေးကွာခဲ့မှုကို အဆုံးသတ်တော့မည်ဟု မျှော်လင့်ရကြောင်း မန်ချက်စတာယူနိုက်တက်အသင်းမှ ဂါရီနဗီးလ်က ယနေ့ ပြောကြားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အောက်တိုဘာလလယ်မှစ၍ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင် ထိပ်ဆုံးသို့ရောက်ရှိလာခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ အမှတ် ကွာဟချက်မှာ နောက်ထပ် ၁၁ ပွဲ ကစားရန်ကျန်ရှိနေချိန်တွင် ခြောက်မှတ်ဖြစ်သည်။ ယခုအခါ ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲမှာ အကြိတ်အနယ်ယှဉ်ပြိုင်ရမည့်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ လက်ရှိဘောလုံးရာသီတွင် မိမိတို့အသင်း အောင်ပွဲခံနိုင်မည်ဟု မျှော်လင့်ကြောင်း ဂါရီနဗီးလ်က ပြောကြားသည်။ ***အင်တာနက်***

အာဆင်ဝင်းဂါး

အာဆင်နယ်အသင်း နည်းပြ အာဆင်ဝင်းဂါး။

(ဓာတ်ပုံ–အင်တာနက်)

ဗီဒီယိုမှတ်တမ်းတင်စက်များ အသုံးပြုရေး အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးတိုက်တွန်း

လန်ဒန် ဖေဖော်ဝါရီ ၁၃

အင်္ဂလန်တွင် ကျင်းပသော ဘောလုံးပြိုင်ပွဲ များတွင် ဒိုင်လူကြီးများ၏ အဆုံးအဖြတ်နှင့် ပတ်သက်၍ အငြင်းပွားမှု မဖြစ်ပေါ်စေရန် ဗီဒီယိုမှတ်တမ်းတင်စက်များ အသုံးပြုသင့်ကြောင်း အာဆင်နယ်အသင်း၏နည်းပြ အာဆင်ဝင်းဂါးက ယနေ့တိုက်တွန်းလိုက်သည်။

တနင်္ဂနွေနေ့က အာဆင်နယ်အသင်းက ဝီဂန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသောပွဲတွင် ဒိုင်အဆုံးအဖြတ်နှင့်ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပွားခဲ့သည်။

အနာဂတ်ဘောလုံးပြိုင်ပွဲ များတွင် အငြင်းပွားရခြင်းမှ ရှောင်ရှားနိုင်ရန် ပွဲကစားပုံကို မှတ်တမ်းတင်သည့် ဗီဒီယိုစက်များကို အသုံးပြုသင့်ကြောင်း ဝင်းဂါးက ပြောကြားသည်။

နိုင်ငံတကာ ဘောလုံးအဖွဲ့ချုပ် ဘုတ်အဖွဲ့သည် ဘောလုံးပြိုင်ပွဲများတွင် ဗီဒီယိုနည်းပညာအသုံးပြုရေးကိစ္စကို ဆွေးနွေးမည်ဖြစ်ပြီး ဘောလုံးပွဲဆိုင်ရာ ဥပဒေစည်းမျဉ်းများတွင် ထည့်သွင်းသင့်၊ မသင့် မဲခွဲ ဆုံးဖြတ်ရန်ရှိသည်။ ***အင်တာနက်***

ယူရို ၂၀၀၈ ဘောလုံးပွဲအတွက် ယူရို ၁၄၇ သန်း ဘတ်ဂျက်လျာထား

ဘာလင် ဖေဖော်ဝါရီ ၁၃

ဆွစ်ဇာလန်နှင့် ဩစတြီးယားနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲအတွက် ပဏာမဘတ်ဂျက် လျာထားချက်မှာ ယူရို ၁၄၇ သန်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။ ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲအတွက် မတ် ၁ရက်မှစ၍ လက်မှတ်စောင်ရေ တစ်သန်း ရောင်းချမည်ဖြစ်ကြောင်း၊ ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ၂၀၀၈ခုနှစ် ဇွန်လ ၂၉ ရက်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ အန်းစ်–ဟာပဲလ် အားကစားပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပဏာမဘတ်ဂျက် အသုံးစရိတ် ယူရို ၁၄၇သန်း လျာထားကြောင်း ပြိုင်ပွဲကျင်းပရေးလုပ်ငန်းများအကြီးအကဲ မက်တင်ကယ်လင်က ပြောကြားသည်။

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပမည့် မြို့ကြီးရှစ်မြို့သည် အသုံးစရိတ်များအတွက် ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)ထံမှ ရရှိမည်ဖြစ်ကြောင်း၊ လက်မှတ်ရောင်းချရမှုမှ ယူရို ၁၃၈သန်း ရရှိရန် မျှော်မှန်းကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်***

တရုတ်တင်းနစ်မယ် အသင်းစည်းကမ်းမှ ကင်းလွတ်ခွင့်ရရှိ

ပေကျင်း ဖေဖော်ဝါရီ ၁၃

တရုတ်တင်းနစ်လက်ရွေးစင်အသင်း၏ အသင်းဝင်များသည် အသင်းဝင်အချင်းချင်း ချစ်ကြိုးသွယ် နှောင်မှုများ မပြုလုပ်ရန် စည်းကမ်းချက်ရှိသော်လည်း တရုတ်လူမျိုးထိပ်တန်းတင်းနစ်မယ် လီနာမှာမူ ယင်းစည်းကမ်းချက်မှ ကင်းလွတ်ခွင့်ရရှိကြောင်း၊ အကြောင်းမှာ လီနာ၏ ခင်ပွန်းဖြစ်သူကို တရုတ်တင်းနစ်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ခန့်အပ်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့အဆင့် ၁၆

အသက် (၂၄) နှစ်အရွယ်ရှိ လီသည်ကမ္ဘာ့အဆင့် ၁၆ ရှိ တင်းနစ်မယ်ဖြစ်ပြီး ၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်မည်ဟု မျှော်လင့်ရသူဖြစ်ကြောင်း ချိုင်းနားဒေလီ သတင်းစာက ရေးသားဖော်ပြသည်။

အင်တာနက်

တရုတ် တင်းနစ်မယ် လီနာ။

(ဓာတ်ပုံ–အင်တာနက်)

ဝိပဿနာ ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မကွေးတိုင်း ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်း ဝန်မင်းကျောင်းသစ်ကျောင်း၌ လော့စ်အိန်ဂျလိစ်မြို့ အောင်မင်္ဂလာကျောင်း ဆရာတော် ဦးနာရဒါဘိဝံသသည် ဖေဖော်ဝါရီ ၁၅ရက်မှ ၂၄ရက်အထိ ဝိပဿနာစခန်းပွဲ ပြုလုပ်မည် ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉နာရီတွင် အသက်(၇၅)နှစ်ကျော် အဘိုးအဘွားများကို ဆရာတော် ဦးနာရဒါဘိဝံသဦးဆောင်က တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။

(က–ပ)

(၂၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဇဝနနေ ဖေဖေ **ဦးသန်းငွေ**(East Wind)နှင့် မေမေ **ဒေါ်သင်းသင်းမော်** တို့၏ ၁၄–၂–၂၀၀၇ရက်နေ့တွင်ကျရောက်သော **(၂၅)နှစ်မြောက်** မင်္ဂလာငွေရတုမှသည် ရွှေရတု၊ စိန်ရတုတိုင် ပျော်ရွှင်စွာအတူလက်တွဲနိုင်ပါစေ။

ချစ်သားလေး
အောင်မင်းထွန်း
(East Wind)

နှစ်(၂၀)ပြည့် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ **ဦးစောဝင်းချို** (CARNIVAL CRUISE UNE, FL, U.S.A)နှင့် ချစ်မေမေ **ဒေါ်အေးအေးအောင်** တို့၏ ၁၄–၂–၂၀၀၇ ရက်နေ့တွင် ကျရောက်သော **နှစ်(၂၀)ပြည့်** မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း တစ်ရာတိုင်အောင် ဘဝခရီးကို ချစ်သောတစ်ဦးတည်းသောသားနှင့် မိဘဆွေမျိုး မောင်နှမများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်သား–မောင်နေထက် (နောင်နောင်)
Frederick Community College Maryland, U.S.A
နှစ်ဖက်သောမိဘမောင်နှမများ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်း(18/B)ရပ်ကွက် ပုလဲရတနာလမ်းနေ မအေးအေးသွယ်၏ မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် အလှူတော်ငွေကျပ် ၁၂၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်(ပြည်တော်သာ) အရှင်စန္ဒန (ဓမ္မာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၄)လမ်းနေ အရှင်ဦးကောသလ္လ၏ (၂၈)နှစ်မြောက်မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။

(ဘိုးဘွားရိပ်သာ)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးကံမြင့်)–ဒေါ်ရီရီမြင့်တို့၏သား
မောင်မိုးမြတ်ဖြိုး B.A(History)
(227 ဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)
နှင့်
ရန်ကုန်မြို့နေ
ဦးစိန်ကြည်(ဆိပ်ကမ်းမြို့နယ် တရားရုံး)–(ဒေါ်မြင့်မြင့်သန်း)တို့၏သမီး
မငြိမ်းငြိမ်းမြတ် B.A(History)
(မြဝတီရုပ်မြင်သံကြား)

တို့၏၁၂–၂–၂၀၀၇(ပြည်ထောင်စုနေ့)တွင် Panda Hotel၌ ကျင်းပပြုလုပ်ခဲ့သောမင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ဆင်မြန်းပေးပါသော Fortune Int'l Ltd. အုပ်ချုပ်မှုဒါရိုက်တာသီရိသုဓမ္မမဏိဇောတဓရဦးမြဟန်နှင့်ဇနီးသီရိသုဓမ္မသီဂီ ဒေါ်ခင်စံပယ်ကြည်အား လည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော မိဘရိပ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သီရိသုဓမ္မ မဏိဇောတဓရချမ်းမြေ့သီတဂူ ဦးနိုင်ဦးနှင့်ဇနီး သီရိသုဓမ္မသီဂီ သီတဂူဒေါ်အေးသိန်းအားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော မဟေမာနေဝင်းနှင့် မင်္ဂလာတေးသံဖျော်ဖြေပေးသော နိုက်တင်ဂေးတေးဂီတနှင့်တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မဝင့်ဝါဝါနွယ်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မသင်းသင်းမြတ်၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှပြုပြင်ပေးသောထွန်းထွန်းလင်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော မြဝတီရုပ်မြင်သံကြားနှင့် ယွန်းဗီဒီယိုအဖွဲ့၊ Panda Hotel မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မိုးမြတ်ဖြိုး–မငြိမ်းငြိမ်းမြတ်

ဥပဒေပညာရပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

First to Fifth Batch (B.A,Law,LL.B) ဥပဒေပညာရပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသည့် ကျောင်းသားကျောင်းသူဟောင်းများသည် ဒေါ်ဝေဝေကြည် ဖုန်း–၆၆၀၂၆၀၊ ဦးအေးသောင်း ဖုန်း–၃၈၇၆၃၁၊ ဦးဝင်းစိန် ဖုန်း–၇၀၉၆၆၀၊ ဦးလှမြင့် ဖုန်း–၃၈၀၃၂၄၊ ဒေါ်ခင်သန်းမြင့် ဖုန်း–၀၉–၅၁–၂၄၈၆၈နှင့် ဦးဟန်ထူး ဖုန်း–၅၂၇၂၄၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊(၁၀)လမ်း၊ အမှတ်(၂) ဟု ခေါ်တွင်သော အလျား၆၈ပေXအနံ၂၅ပေ အိမ်ခြံမြေနှင့် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်၏ ½တစ်ဝက်ကိုဒေါ်တင်ဝင်းမော်မှတ်ပုံတင်အမှတ်-MGDN-000810ကိုင်ဆောင်သူက ပြည်တော်သာ(၁၀)လမ်း၊ အမှတ်(၂)၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်ကို ဦးမြင့်သိန်း မှတ်ပုံတင်အမှတ်[၁၂/မဂဒ(နိုင်)၁၀၆၈၉၆] ကိုင်ဆောင်သူ ပလရ အိမ်ခြေ(၅၀)တိုးချဲ့ဂ/၂အား ၁၆–၅–၂၀၀၃နေ့က ရောင်းချခဲ့ပြီး ကျန်ရှိသည့် အထက်ပါမြေကွက်နှင့်တစ်ဆက်တည်းဖြစ်နေသောအပိုင်းကိုရောင်းချရန် သဘောတူပြီးဖြစ်ပါသည်။ အထက်ပါမြေပိုင်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးအောင်မြင့်ဆွေ တရားရုံးချုပ်ရှေ့နေ (စဉ်–၂၅၇၇)
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖေဖော်ဝါရီ ၇ရက်က သဃ်န်းကျွန်းမြို့နယ် (ဆ/ခ) ရပ်ကွက်၊ အောင်ရာမြေ ပရိယတ္တိ စာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော လေးထပ်ဆွမ်းစားကျောင်းကြီးအတွက် အနော်ရထာလမ်း၊ (၁၄)ရပ်ကွက် ရန်ကင်းမြို့နယ်နေ သီရိသုဓမ္မသီဂီဒေါ်ခင်နန်းမွန်နှင့် သားသမီးမြေးတစ်စုတို့က အမ်း–ချင်း သာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တ ဝရာလင်္ကာရ အရှင်သူမြတ်ထံ ငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတို့ ပူးပေါင်းစီစဉ်မှုဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာအခြေခံသင်တန်း အမှတ်စဉ် (၂) ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ မန္တလေးတိုင်း ပုသိမ်ကြီး စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ အဆိုပါသင်တန်း၌ သရက်၊သခွားမွေး၊ ဖရဲ၊ ငှက်ပျောနှင့်အခြားသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ၏ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ၊ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ဈေးကွက်တင်ပို့ရောင်းချမှု နည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

ယင်းသို့ ဖွင့်လှစ်ရာတွင် သင်တန်းသား၇၀တို့အား လက်ခံပို့ချပေးမည်ဖြစ်ပြီးသင်တန်းတက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၁၈ ရက် နောက်ဆုံးထား၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတိုင်းမန်နေဂျာရုံး (၃၅) လမ်း ၆၄x၆၅လမ်းကြား မန္တလေးမြို့ ဖုန်း–၀၂–၃၆၃၄၀၊ ၃၆၃၄၁၊ ၃၆၃၄၂၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာရုံး ဖုန်း–၀၂–၆၀၈၂၉၊ ဦးမြင့်ကြိုင် ရွှေသူငွေးရပ် (၇)လမ်း မြစ်သားမြို့ ဖုန်း–၀၉၅၀၁၇၀၅၁ နှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ အမှတ်(၂၆၂/၂၆၄) ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဒဂုံစင်တာ Block (A) 6th Floor ဖုန်း–၅၀၃၅၁၆ မှ ၅၀၃၅၁၉ အထိ လိုင်းခွဲ(၁၁၃)၊ ဖက်စ်–၅၁၆၆၁၆၊ အီးမေးလ် DAGON @ mptmail.net.mmသို့ဆက်သွယ်လျှောက်ထားနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဘိုကလေးမြို့နယ် အသင်း (ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဗဟန်းမြို့နယ်ရွှေဂုံတိုင်လမ်းခြောက်ထပ်ကြီး ဘုရားကြီးဝင်း ဘိုကလေး အသင်း သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် အဘိုးအဘွားများကို ပူဇော်ကန်တော့ပြီး အသင်းဝင်သားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ကန်တော့ခံ အဘိုးအဘွားများနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများသည် ဖေဖော်ဝါရီ၂၂ရက် နောက်ဆုံးထား၍ ဦးတင့်ဇော် ဥက္ကဋ္ဌ၊ ဖုန်း–၂၉၁၃၃၈၊ ဒေါ်မြင့်မြင့်စိန် (ဘဏ္ဍာရေးမှူး) ဖုန်း–၅၄၃၇၂၄ နှင့် ဦးတင်မောင်မြင့် (အတွင်းရေးမှူး) အမှတ်(၅၄)၊ တတိယထပ်၊ ဘုန်းကြီးလမ်းရှိ ဘိုကလေးမြို့နယ် အသင်း (ရန်ကုန်) ဖုန်း–၂၁၂၅၀၈ တို့ထံ ဆက်သွယ်ကြရန်နှင့် ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(က–ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် တိုက် (၂၉၅)နေ ဦးရဲထွန်း (မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့နာယက)–ဒေါ်ခင်မာမာ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။

(က–ပ)

ထူးခြားသည့် ညအပူချိန်များ

(၁၃–၂–၂၀၀၇)

နမ့်စန်၊ ပင်လောင်းနှင့် ဟဲဟိုး
၅ ဒီဂရီ စင်တီဂရိတ်
ရန်ကုန်
၂၀ ဒီဂရီ စင်တီဂရိတ်

အချိန်အခါမဟုတ် မိုးရွာမည် သတိပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာစံတော်ချိန် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေစီးကြောင်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

ပြည်တွင်းပြည်ပ ပယောဂနှင့် အနှောင့်အယှက်အဖျက်အဆီး အမျိုးမျိုးကြားမှ ကရင်တိုင်းရင်းသားများ၏ဆန္ဒနှင့်အညီ ငြိမ်းချမ်းရေး ရယူတည်ဆောက်ခဲ့ကြပြီ

KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ထွေးမောင်ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တပ်မတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လှိုက်လှဲဝမ်းမြောက်စွာဂုဏ်ပြုကြိုဆို

ငြိမ်းချမ်းရေးရယူရန် ကျန်နေသေးသည့်တပ်ဖွဲ့ဝင်များကိုလည်း အစဉ်လက်ကမ်းကြိုဆို ဖိတ်ခေါ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး ပါဝင်ပူးပေါင်း လက်တွဲဆောင်ရွက်လာသော ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကြိုဆိုသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ☆

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်နှင့် သနာတန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်တို့က ပူးတွဲကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံအတွင်း ဘာသာရေးလွတ်လပ်ခွင့်များ အပြည့်အဝ ခွင့်ပြုထား CSW အဖွဲ့၏မဟုတ်မမှန်လုပ်ကြံစွပ်စွဲထားသော အစီရင်ခံစာအား လုံးဝလက်မခံ ပြည်တွင်းအေးချမ်းသာယာမှုကို ဝင်ရောက်ဖျက်ဆီးခြင်းဖြစ်၍ ကန့်ကွက်ရှုတ်ချ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် အနောက် နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သည့် အကြောင်းပြစွပ်စွဲချက်များကို လုပ်ကြံဖန်တီးထုတ်လွှင့်လျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity World-wide-CSW)ကလည်း ၂၃-၁-၂၀၀၇ ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်နှင့် သနာတန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်တို့က အောက်ပါအတိုင်း ပူးတွဲကြေညာချက်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြသည်- (သတင်းစဉ်)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်

CSW အဖွဲ့၏ အစီရင်ခံစာကို ဟိန္ဒူဘာသာဝင်အားလုံးကို ကိုယ်စားပြုဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်နှင့် ဟိန္ဒူအမျိုးဘာသာ၊ သာသနာ၊ လူမှုရေးနှင့် ယဉ်ကျေးမှု တည်တံ့ပြန့်ပွားအောင် ဟိန္ဒူရှေးဓမ္မများကို အခြေခံထားပြီး လူသားတိုင်း ဘဝသာယာရေးအတွက် ကျင့်ကြံအားထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသော သနာတနဓမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်တို့က ကန့်ကွက်ရှုတ်ချကြောင်း ပူးတွဲ ကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံအတွင်း ကိုးကွယ်ကြသော ဘာသာကြီး(၄)ခုအနက် ဟိန္ဒူဘာသာဝင်ပြည်သူများအား ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာများနည်းတူဘာသာရေးလွတ်လပ်ခွင့်များကို အပြည့်အဝ ခွင့်ပြုပေးထားပြီးဖြစ်ပါသည်။ ဟိန္ဒူဘာသာဝင်များ၏ ၁၂နှစ်လရာသီပွဲတော်များအားလုံး လွတ်လပ်စွာကျင်းပခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်များအပြင် ဒေသဆိုင်ရာ ဟိန္ဒူဘုရားကျောင်းများ ပြုပြင်ထိန်းသိမ်းတည်ဆောက်ခွင့်ကိုလည်း လွတ်လပ်စွာခွင့်ပြုခဲ့ပါသည်။ ဟိန္ဒူဗဟို အဖွဲ့ချုပ်သို့ နှစ်စဉ်ထောက်ပံ့ကြေးရန်ပုံငွေတစ်ရပ်ကိုလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ နှစ်စဉ်ထောက်ပံ့လျက်ရှိပါသည်။ ၎င်းအပြင် ဟိန္ဒူဘာသာသာသနာပြန့်ပွားစေရန်အတွက် သာသနာပြုဆရာများကို အခမဲ့ယာဉ်စီးနင်းခွင့် (Free Pass) ကိုလည်း ခွင့်ပြုထုတ်ပေးထားသည့်အပြင် မြန်မာနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် မြန်မာပြည်သူပြည်သားအပေါင်းတို့က ဟိန္ဒူဘာသာ တည်တံ့ပြန့်ပွားအောင်ဆောင်ရွက်နိုင်ရန် နှစ်စဉ် ဆန်၊ဆီ၊ဆား၊ဆေးနှင့် ငွေပဒေသာပင် စိုက်ထူပေးလျက်ရှိပါသည်။ အဆိုပါဘာသာအလိုက် ထောက်ပံ့ကြေးနှင့် အခမဲ့ခရီးသွားလက်မှတ်များ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

အမေရိကန်နှင့်ဗြိတိန်တို့၏ မြန်မာ့ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းမှုကို ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများက မခံမရပ်နိုင်ဖြစ်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချ

ဒီမိုကရေစီသည် ပြည်ပပို့ကုန်မဟုတ်၊ လုံခြုံရေးကောင်စီကို ရုပ်သေးရုပ်လိုအသုံးမချနဲ့ စသည့် ကြွေးကြော်သံပိုစတာများကိုင်ဆောင်ပြီး တိုကျိုမြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးရှေ့၌ဆန္ဒပြခဲ့ကြ

အမေရိကန်နှင့် ဗြိတိန်တို့အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းမှု ထပ်မံမပြုလုပ်ရန် တောင်းဆိုသည့် စာများကိုလည်း အဆိုပါ သံရုံးအသီးသီးသို့ ပေးအပ်ခဲ့

ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံ ချစ်ခင်သူများအသင်းက တိုကျိုမြို့ရှိ ဗြိတိန်သံရုံးရှေ့၌ ကြွေးကြော်သံပိုစတာများကိုင်ပြီး ဆန့်ကျင်ကန့်ကွက် ဆန္ဒပြနေကြစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံ ချစ်ခင်သူများအသင်းက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်(Resolution) ချမှတ် အရေးယူဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော မသမာသည့်လုပ်ရပ်ကို မခံမရပ်နိုင်ဖြစ်ကြပြီး အမှန်တရားဘက်မှ ရပ်တည်ကာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန်တွင် တိုကျိုမြို့ရှိ ဗြိတိန်သံရုံးရှေ့၌လည်းကောင်း၊ ညနေ ၃နာရီခွဲအချိန်တွင် တိုကျိုမြို့ရှိအမေရိကန်သံရုံးရှေ့၌လည်းကောင်း ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြကြောင်း သတင်းရရှိသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ☆